# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၀၂)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ ညှော့သည်ခေါ် ဘုရားပွဲတော်နှင့် (၄၉)ကြိမ်မြောက် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲ စည်ကားစွာကျင်းပ

ချောင်းဆုံ ဧပြီ ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ရှေးအစဉ်အလာမပျက် ညှော့သည်ခေါ် ဘုရားပွဲတော်များကို ဧပြီလဆန်းပိုင်းမှစတင်၍ တစ်ရွာတစ်ရက်ကျင်းပပြီး မွန်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ဖြစ်သည့် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုကို ထည့်သွင်းကျင်းပလျက်ရှိသည့် ကမာမိုကျေးရွာဘုရားပွဲ၌ ဧပြီ ၂၂ ရက် ညနေပိုင်းက (၄၉) ကြိမ်မြောက် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စာမျက်နှာ ၄ ကော်လံ ၁ ❖


ယနေ့ ဖတ် စ ရာ

လူရည်ချွန်မှသည် အနာဂတ်တိုင်းပြည်ဆီသို့
ဆောင်းပါး စာ ၆

၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံ သင်တန်းများနှင့် တန်းမြင့် သင်တန်းများကို သက်ဆိုင်ရာ မြို့နယ်အသီးသီး၌ လေ့ကျင့် သင်ကြားပေးလျက်ရှိ
ပြည်တွင်းသတင်း စာ ၉

အကြမ်းဖက်မှုအန္တရာယ် တားဆီးကာကွယ်
ဆောင်းပါး စာ ၁၀


# ရှေးဟောင်းရေကန် လေးကန်ကို စမ်းသပ်တူးဖော်သုတေသန ပြုနေပြီး ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ကာ မူလအတိုင်း ပြည်သူများလေ့လာနိုင်ရန် ဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၂၃

ရှေးဟောင်းရေကန် လေးကန်ကို စမ်းသပ် တူးဖော် သုတေသနပြုနေပြီး ထိန်းသိမ်းရေးလုပ်ငန်း များဆောင်ရွက်ကာ မူလအတိုင်း ပြည်သူများ လေ့လာနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲ မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

ပုဂံခေတ်ကပင် အသုံးပြုခဲ့ပြီး ရှေးဟောင်းအုတ် များဖြင့် ဖန်တီးထားသည့် ရှေးဟောင်းရေကန်လေးကန် ကိုတွေ့ရှိထားရာ လက်ရှိတွင် ရေကန်၏ မူလအကျယ်၊ ကန်အနက် စသည်တို့ကို စမ်းသပ်တူးဖော်သုတေ သန လုပ်ဆောင်နေပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၃ ❒



မြန်မာ့အလင်း

# လူတို့အတွက် သစ်ပင်

သစ်ပင်များသည် လူသားတို့အတွက် အရေးကြီးသည့် မိတ်ဖက်တစ်ခုဖြစ်သည်။ သစ်ပင်တောအုပ်များသည် လေထုထဲမှ အမှုန်အမွှားများကို ဖယ်ရှားနိုင်ပြီး လေထုထဲမှအဆိပ်အတောက်များကို ဖယ်ရှားကာ လေထုကို သန့်စင်စေသည်။ သစ်ပင်များ၏ အရိပ်အာဝါသနှင့် ရေငွေ့ထုတ်လွှတ်မှုတို့ကြောင့် လေထုအပူချိန်ကို လျော့ကျစေသည်။ ထို့အပြင် မြေအောက်ရေသယံဇာတများကိုလည်း သစ်ပင်များက ထိန်းသိမ်းပေးပြီး သန့်စင်စေသည်။

လူသားတို့အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့အတွက် သစ်ပင်များ၊ သစ်တောများက လွန်စွာအရေးပါသည်ဟု ဆိုနေစေကာမူ ကမ္ဘာနှင့်အဝန်းတွင်ပင် လူသားတို့၏ ပယောဂကြောင့် သစ်တောများ ပြုန်းတီးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များအတွင်း သစ်တောဧရိယာ ၆ ဒသမ ၂၁ ဘီလီယံဟက်တာခန့် ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၃ ဒသမ ၈၇ ဘီလီယံဟက်တာခန့်သာ ကျန်ရှိတော့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မှတ်တမ်းတွင် ဖော်ပြထားသည်။ အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၉ ဒသမ ၄ သန်းခန့် ပြုန်းတီးခဲ့သည်ဟု ဆိုသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်က နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းထားရာမှ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ရာ သစ်တောများ ပျက်စီးပြုန်းတီးမှုအပေါ် နိုင်ငံသားအားလုံးက အလေးထားဂရုပြုကြရန်လိုသည်။

သဘာဝသစ်တောဂေဟစနစ်များ တစ်စထက်တစ်စ ပျက်စီးပြုန်းတီးလာရခြင်းသည် သစ်တောများကို စည်းကမ်းမဲ့အလွန်အကျွံ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်း၊ ထင်းနှင့် မီးသွေးလောင်စာများ အလွန်အကျွံထုတ်လုပ်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မြို့ပြနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေများနှင့် စက်မှုလုပ်ငန်းများတိုးချဲ့ခြင်း စသည့် သစ်တောမြေများကို အခြားမြေများအဖြစ် အသုံးချခြင်းကြောင့်ပင်ဖြစ်သည်။ သစ်တောများ ပြုန်းတီးခြင်း၏ အကျိုးဆက်များအဖြစ် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ မြစ်ချောင်းများ တိမ်ကောလာပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ရေချိုအရင်းအမြစ်များ ခန်းခြောက်ဆုံးရှုံးခြင်း၊ ရေညစ်ညမ်းခြင်း၊ မြေဆီလွှာများ တိုက်စားခံရခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ဆုံးလျော့နည်းမှုဖြစ်ပေါ်ခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာသည်။

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်လျှော့ချနိုင်ရေးနှင့်စပ်လျဉ်း၍ "သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ကုန်းတွင်းပိုင်းမြို့ရွာဒေသများတွင် သစ်ပင်သစ်တောများကို နှစ်စဉ်တစ်အုပ်တစ်မစိုက်ပျိုးခြင်းများကို နှစ်စဉ်သစ်ပင်စိုက်ပျိုးသည့် ရာသီရောက်တိုင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ စိုက်ပြီးအပင်များ ရှင်သန်ရေးအတွက် စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်သွားရန်လည်း လိုအပ်သည်။ ထို့အပြင် နိုင်ငံပိုင် သစ်တောများအတွင်း တရားမဝင် သစ်ခုတ်လှဲထုတ်ယူမှုများကို ထိရောက်စွာ ကာကွယ်တားဆီး အရေးယူနိုင်ရန်လည်း လိုအပ်သည်။ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင်စောင့်ရှောက်ရေးတို့တွင် နိုင်ငံသားတိုင်းက တာဝန်ကျေပွန်စွာ ပါဝင်ကြရပါမည့်အကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၈၉၅ | ၂၈၉၀ | ၂၈၅၅ | ၂၈၉၅ | ၂၉၂၀ | ၂၉၀၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၉၅ | ၂၈၀၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၃၅ | ၂၉၃၅ | ၃၁၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၁၀ | ၃၀၀၅ | ၂၉၇၀ | ၃၀၀၅ | ၃၀၃၀ | ၃၀၁၅ | ၂၉၉၀ | ၃၀၉၀ | ၃၁၀၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၅ | ၃၀၅၀ | ၃၂၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၀၀ | ၂၅၈၅ | ၂၅၀၀ | ၂၆၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၆၀၀ | ၂၅၃၀ | ၂၅၂၅ | ၂၆၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၆၀၀ | ၂၅၃၀ | ၂၅၂၅ | ၂၆၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၉ | ၂၈၀၇ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (10 ppm) | ၂၃၆၂ | ၂၄၃၉ |

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မေ ၂၃
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၃

**ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံတိုးတက်ထုတ်လုပ်ရေး၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးများ၊ စက်ရုံမှူးများက Virtual စနစ်ဖြင့် သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ကြသည်။**



### ထပ်ဆင့်ပြန်လည်ရှင်းလင်း

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့် အစိုးရအဖွဲ့အစည်းအဝေးများတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို အပြည့်အဝကြိတ်ခွဲနိုင်ရေး၊ ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားသည်။

### စစ်ဆေးကြပ်မတ်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်ပြီး စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပသို့ တင်ပို့ပြီး ကျန်ရှိသည့် ဆီထွက်သီးနှံများကို သက်ဆိုင်ရာလုပ်ငန်းရှင်များက အပြည့်အဝကြိတ်ခွဲ၍ စားသုံးဆီများထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ကူညီဖြည့်ဆည်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ဧက၊ ထွက်ရှိမည့်ပမာဏ၊ မြို့နယ်အသီးသီးတွင် တည်ရှိသည့် ဆီစက်အရေအတွက်၊ ကြိတ်ခွဲနိုင်သည့်စက်စွမ်းအား၊ လက်ရှိကြိတ်ခွဲထုတ်လုပ်နေမှု စသည်တို့ကို ကြိုတင်စာရင်းပြုစု တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းများကို ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ ထုတ်လုပ်မှသာ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သော စားသုံးဆီများရရှိမည်ဖြစ်၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

ပြည်တွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်သူများ၏ ဝတ်ဆင်ရေးကဏ္ဍအတွက် လုံလောက်မှုရှိကြောင်းကို တွက်ချက်မှုများအရ သိရှိရကြောင်း၊ ဝန်ကြီးဌာနရှိ ဝါကြိတ်စက်များ၊ ချည်ထုတ်လုပ်သည့်စက်များ၊ အထည်ရက်လုပ်ခြင်း၊ ဆေးဆိုးပန်းရိုက်ခြင်း စသည့်လုပ်ငန်းများကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် ယခုနှစ်တွင် ထုတ်လုပ်ရန်လျာထားသည့် ပမာဏများအတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် လိုအပ်ချက်များရှိပါက ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာသည့် ဝါများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းအတွက် ဝါကြိတ်စက်များဖြင့် ကြိတ်ခွဲပြီး ဝါဂွမ်းမှ ချည်ထုတ်လုပ်တင်ပို့လျှင် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထွက်ရှိလာသည့် ဝါများကို အပြည့်အဝကြိတ်ခွဲနိုင်ရေးအတွက် ဝါကြိတ်စက်များ အဆင်သင့်လည်ပတ်နိုင်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများနှင့် ဝါများကို အပြည့်အဝကြိတ်ခွဲ၍ ပြည်တွင်းစားသုံးမှုနှင့် ဝတ်ဆင်ရေးကဏ္ဍဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။ (အပေါ်ပုံ)

### ဆွေးနွေးတင်ပြ

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် Action Plan များ ရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဝတ်ဆင်ရေးကဏ္ဍအတွက် နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်ဖြည့်ဆည်းပေးမည့်အခြေအနေ၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာသူများက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အောင်မြင်စေရေးအတွက် လက်တွေ့ကျသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် ပြည့်စုံမှန်ကန်စွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရမည်

**နေပြည်တော် ဧပြီ ၂၃**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ အဖွဲ့ဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဥပဒေရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို စတင်ဖွဲ့စည်းပြီးချိန်မှစ၍ ချေးငွေများ မြန်ဆန်စွာ ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား MSME လုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များမှ ချေးငွေလျှောက်ထားလိုပါက တင်ပြရမည့် လျှောက်လွှာပုံစံနှင့် ချေးငွေစိစစ်ရေးအဖွဲ့များက စိစစ်ရမည့်အချက်များအား MSME အေဂျင်စီမှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အေဂျင်စီများသို့ ဖြန့်ဝေပေးခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင်လည်း အသိပေးရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ချေးငွေများ စတင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၊ MSME Web Portal နှင့် MOPF Website များတွင် ကြေညာခဲ့ပါကြောင်း၊ ဒေသဆိုင်ရာအေဂျင်စီများကလည်း ချေးငွေစိစစ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး MSME လုပ်ငန်းရှင်များ၏ ချေးငွေအမှုတွဲများကို စိစစ်လျက်ရှိကြောင်း၊ ဆက်လက်၍ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်တွင် ကြေးမုံသတင်းစာနှင့် ဧပြီ ၁ ရက်တွင် မြန်မာ့အလင်း သတင်းစာတို့၌ ထပ်မံကြေညာခဲ့ကြောင်း၊ MSME လုပ်ငန်းများအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုငွေကြေးများ ရရှိစေရန် ချေးငွေသတ်မှတ်ချက်နှင့် ဖြေလျှော့ပေးနိုင်မည့် ကိစ္စရပ်များကို အကြီးအကဲများ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါက MSME များအတွက် လိုအပ်သည့် ချေးငွေများ လွယ်ကူစွာရရှိပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များမှ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်သည့် အချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့မှ ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အာမခံပစ္စည်း သတ်မှတ်ချက်နှင့် ၎င်းတို့အပေါ် ဖြေလျှော့မှုများ ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြပြီး လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ပုံစံ (၇) ကို အာမခံအဖြစ် ရယူနိုင်ရေးကိစ္စ၊ ချေးငွေကို ငွေကြေးအစား စက်ပစ္စည်းဝယ်ယူပေးခြင်းဆိုင်ရာကိစ္စ၊ Participating Financial Institutions (PFIs) ဘဏ်များ ဖိတ်ခေါ်ရေးကိစ္စနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အား PFI ဘဏ်အဖြစ် လက်ခံဆောင်ရွက်နိုင်ရေးကိစ္စများအတွက် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးဆုံးဖြတ်

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် ပြည့်စုံမှန်ကန်စွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချေးငွေစည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရာတွင် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုများကို မူဝါဒပိုင်းဆိုင်ရာ အချက်များအဖြစ် လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂၃

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) ၌ ကျင်းပသည့် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးသို့ တက်ရောက်သည်။**

**ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များချမှတ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိုးရာသီကာလတွင် သဘာဝဘေးအန္တရာယ်များအနေဖြင့် ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှုစသည်တို့ ဖြစ်ပွားနိုင်သကဲ့သို့ ကြိုတင်ခန့်မှန်းသိရှိနိုင်ခြင်းမရှိသော မြေလျှင်ဘေးအန္တရာယ်လည်း ဖြစ်ပွားနိုင်ပါကြောင်း၊ ထိုသို့ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ သဘာဝဘေးအန္တရာယ် ပြီးနောက်တွင်လည်း ကူးစက်ရောဂါများအပါအဝင် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်သဖြင့် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်းဖြင့် အဆိုပါကျန်းမာရေးပြဿနာများကို လျှော့ချနိုင်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင်လည်း ယခုကဲ့သို့ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးပြုလုပ်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သကဲ့သို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များချမှတ်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းများသည် လုပ်ရိုးလုပ်စဉ်ဆောင်ရွက်မှုများဖြစ်သော်လည်း ယခင်လုပ်ဆောင်ခဲ့မှုများမှ အတွေ့အကြုံနှင့် သင်ခန်းစာများကိုရယူကာ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၌ အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သည့် သတင်းပေးပို့စနစ်နှင့် စီမံခန့်ခွဲမှုအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိုးရာသီအချိန်တွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်အမျိုးအစားများ မတူညီသည့်အတွက် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားသင့်ပါကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးမည်**

လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ကျန်းမာရေးဌာန တာဝန်ရှိသူများအနေဖြင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊လုပ်ငန်းဆောင်ရွက်မှုများအတွက် ထပ်မံလိုအပ်သည်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နေ့စဉ်မိုးလေဝသသတင်းထုတ်ပြန်ချက်များကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များ ထူးခြားစွာ ဖြစ်ပေါ်မှုသတင်းများကို စောင့်ကြပ်ကြည့်ရှုကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပါအဝင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်ထိရောက်စွာဖြင့် အားထုတ်ကြိုးပမ်းကာ ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ ယနေ့ အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများပေါ်မူတည်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ပါကလည်း အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ကြစေရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲက ၂၀၂၃ ခုနှစ်အတွင်းနှင့် ၂၀၂၄ ခုနှစ် ဧပြီလအထိ ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခဲ့မှုများ၊ အတွေ့အကြုံကောင်းများနှင့် လာမည့်မိုးရာသီကာလအတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းများအတွက် ဆွေးနွေးအကြံပြုဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ကမာမိုကျေးရွာ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ၁၉၇၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၄၉) ကြိမ်မြောက်ရှိပြီးဖြစ်ကြောင်း၊ လူငယ်မျိုးဆက်သစ်များ မိမိယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်ရန်အတွက် ရည်ရွယ်၍ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ချောင်းဆုံမြို့နယ်အနေဖြင့် ယခင်ကဆိုလျှင် မွန်တိုင်းရင်းသားများနေထိုင်သည့် ရွာတိုင်းနီးပါး ယခုလိုပြိုင်ပွဲကို ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် ကမာမိုတစ်ရွာတည်းသာ ယနေ့အထိ ဆက်လက်ကျင်းပနေခြင်းဖြစ်ကြောင်း ကမာမိုကျေးရွာ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကျင်းပရေး ကော်မတီနာယကအဖွဲ့ဝင် ဦးမင်းမြင့်မောင်လေးက ပြောသည်။

အဆိုပါ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ပြိုင်ပွဲဝင် ဘုရားဖူးနွားလှည်းယာဉ်လေးစီး ဝင်ရောက်ယှဉ်ပြိုင်ကာ အမှတ်ပေးအဖွဲ့ ငါးဖွဲ့မှ နွား၊ လှည်း၊ ဣန္ဒြေရှိမှု၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုအချိုးအစားစသည့်ဖြင့်အမှတ်ပေး၍ ဆုချီးမြှင့်ပေးမည်ဖြစ်ပြီး အဆိုပါ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ရပ်ဝေးရပ်နီးမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် မေ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀၂ ဒသမ ၉၈၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ခန္တီး–တိန်းအင်–လက်ပံသာ–မှန်ပင်–ကောင်းမှု–ဖောင်ဆိုင်–ပဒူးမုန်း ရွာသစ် မြေသားလမ်းမိုင် ၂၀ ပေါ်၌ ၅ မိုင် အမာခံလမ်းခင်းခြင်းနှင့် Box Culvert ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလမ်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများ ခရီးသွားလာမှုလွယ်ကူလျင်မြန်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် (Knowledge Sharing Program) အရ “လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင်သာယာရေး” ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

အသိပညာပေး ဆွေးနွေးဟောပြောပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မကြာသေးမီအချိန်က ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဟောပြောမှုများကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် အောင်မြင်စွာပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် လူ့အခွင့်အရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆက်စပ်မှု၊ အသက်ရှင်သန်ခွင့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအရေးကြီးပုံတို့ကို ထည့်သွင်းဟောပြောခဲ့ပါကြောင်း၊ ယနေ့ဟောပြောပွဲတွင် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် ထိန်းသိမ်းခြင်းများကို မည်သို့ဆောင်ရွက်ရမည်ကို လေ့လာခွင့်ရကြပြီး ကော်မရှင်၏ အဓိကလုပ်ငန်းကြီး (၂) ရပ်ဖြစ်သည့် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်း လုပ်ငန်းကဏ္ဍများတွင်ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားရန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ယနေ့ဟောပြောဆွေးနွေးမည့် အကြောင်းအရာများသည် လူတိုင်း သိရှိထားသင့်သော အရေးကြီးသည့် ခေါင်းစဉ်ဖြစ်ခြင်းကြောင့် တက်ရောက်လာကြသည့် ဝန်ထမ်းများက သေချာစွာမှတ်သားလေ့လာသွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်သူနာပြုတက္ကသိုလ်မှ ကထိက ဒေါ်အိအိဆွေက “လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရေးနှင့် လုပ်ငန်းခွင်သာယာရေး” ခေါင်းစဉ်ဖြင့် ကျန်းမာရေးအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စိတ်ကျန်းမာရေး အကြောင်းသိကောင်းစရာများ၊ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုဖြစ်ရသည့် အကြောင်းအရာများ၊ စိတ်ဖိစီးမှုများတိုင်းတာခြင်း၊ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုလျှော့ချရာတွင် ဆောင်ရွက်ရမည့် အပြုအမူများနှင့် နည်းလမ်းများစသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး စိတ်ဖိစီးမှု လျှော့ချရေးလက်တွေ့ သရုပ်ပြမှုများကို ပြုလုပ်ကာ တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ဟောပြောပွဲကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

“ရှေးဟောင်းရေကန်ပုံစံတွေထွက်လာတဲ့ အဟောင်းလေးခုလောက်ရှိတယ်။ အခုကတော့ ရေကန်အကျယ်အဝန်း၊ ရေဘယ်လောက်ရှိလဲ၊ အောက်က ရေကန်အနက်က ဘယ်လောက်ရှိလဲ အဲဒါတွေကို ပမာဏစမ်းသပ်ချက်တူးဖော်မှုတွေလုပ်နေတာ။ အဲဒါတွေသိရပြီးတော့မှ ရေကန်တွေဆက်ပြီးတော့ ဖြည်းဖြည်းချင်း ဆယ်ပြီး သုတေသနလုပ်နေတာပေါ့။ ပြီးရင် ဆက်တူးမှာပေါ့။ ဖြည်းဖြည်းချင်း သုတေသနသဘောအတိုင်းတူးပြီး ထိန်းသိမ်းရေးလုပ်ငန်းလုပ်သွားမှာပေါ့။ ကျွန်တော်တို့ အခုလုပ်နေတာက အုတ်ကန်၊ ရွာဟောင်းကြီးကန်၊ ဖွားစောဆုတောင်းပြည့်ကန်၊ ရေတောင်မုနိကန်တွေဖြစ်တယ်။ ရှေးဟောင်းရေကန်တွေကို တူးဖော်သုတေသနပြုပြီး နဂိုအတိုင်းပြန်ရရင်တော့ ကျွန်တော်တို့က ထိန်းသိမ်းရေးလုပ်ငန်းတွေလုပ်ပြီး သူရဲ့မူလ Function အတိုင်း အများပြည်သူလေ့လာလိုရတဲ့နေရာမျိုး ဖန်တီးသွားမယ်” ဟုလည်း ၎င်းက ပြောကြားသည်။

လက်ရှိဆောင်ရွက်နေသည့် ရေကန်အကျယ်အဝန်းနှင့် ရေကန်အနက်တို့ကို သိရှိပြီးမှ ဆက်လက်တူးဖော်သုတေသနပြုရမည်ဖြစ်ပြီး ပြီးစီးမည့်အချိန် ကြိုတင်တွက်ချက်၍မရကြောင်းနှင့် အဆိုပါရေကန်များမှာလည်း ပုဂံခေတ်ရှေးဟောင်းအုတ်များဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်းရေကန်များဖြစ်သည့်အတွက် လုပ်ငန်းစဉ်ကို အလျင်စလို ဆောင်ရွက်၍ မရကြောင်းလည်း ဦးကျော်မျိုးဝင်းက ပြောသည်။

သကြၤန်ကာလအပြီးတွင် ရှေးဟောင်းရေကန်များပြန်လည်တူးဖော်ခြင်း၊ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ပုဂံဒေသ၏ သန့်ရှင်းရေးပိုင်းနှင့် ဘုရားထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အဓိကထားဆောင်ရွက်နေကြောင်းလည်း သိရသည်။**MT**




# ဥပ္ပါတသန္တိသုတ်ပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဥပ္ပါတသန္တိသုတ်ပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပပူဇော်ခဲ့သည်။

ဥပ္ပါတသန္တိပရိတ်တော်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံအတွင်း၌ ကျင်းပရာ ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တအာသဘနှင့် သံဃာတော်ခြောက်ပါး၊ နံတော်စဉ် ပရိယတ္တိစာသင်တိုက်မှ သံဃာတော် ခြောက်ပါး၊ ပေါင်း ၁၃ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော် သာသနာရေးမှူး၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ တပ်နယ်ဝတ်အသင်းသူများ၊ ဂေါပကအဖွဲ့ ရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ဦးစွာ အုန်းတောပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြပြီး တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်လောင်းအမှတ်စဉ် ၁၁၁ ကျောင်းဆင်းအရာရှိများက ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့အတွက် ကျဆုံး၊ သေဆုံး အရာရှိမိသားစုဝင်များကို ရည်စူး၍ စေတီတော်မြတ်ကြီးသို့ ရေငွေ့သုံးပန်ကာကြီး ငါးလုံးလှူဒါန်းကာ ဆရာတော် သံဃာတော်များအား ဆွမ်း၊ အအေး ငါးရက်စာ၊ နဝကမ္မအလှူတော်ငွေများ အပါအဝင် စုစုပေါင်း အလှူတော်ငွေကျပ် ၅၃ သိန်းကို လှူဒါန်းကြသည်။

ယင်းနောက် အုန်းတောပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တအာသဘထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြု ဂုဏာဝိသိဋ္ဌပူဇော်ပွဲတက်ရောက်

**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဝ္ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က စည်တော်တီးကာ ရတနာသုံးပါးဂုဏ်တော်ကို ပူဇော်ကြသည်။

ထို့နောက် မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသောဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်က သမ္ဗောဒနီယ သြဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ထပ်ဆင့်ဂုဏ်ပြုလွှာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ၊ ပြည်နယ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စစ်တွေမြို့ ရွှေစေတီ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# သန်လျင် - ကျောက်တန်း၊ တိုက်ကြီး၊ ဥက္ကံဘက်သို့ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းအချို့ကို ယာဉ်စီးခ ငွေကျပ် ၅၀၀ အထိ ကောက်ခံရန် ခွင့်ပြုထား

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန်လျင်–ကျောက်တန်း၊ တိုက်ကြီး၊ ဥက္ကံဘက်သို့ ပြေးဆွဲနေသည့် YBS ယာဉ်အချို့ကို ယာဉ်စီးခ ငွေကျပ် ၅၀၀ အထိ ကောက်ခံခွင့်ပြုထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBS ယာဉ်လိုင်းအများစုမှာ ယာဉ်စီးခငွေကျပ် ၄၀၀ ဖြစ်ပြီး ကတ်စနစ်ဖြင့် (သို့မဟုတ်) QR Code ဖြင့် YBS ယာဉ်စီးခငွေပေးချေပါက ငွေကျပ် ၃၀၀ သာ ကုန်ကျမည်ဖြစ်ကြောင်း YRTCမှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။



"ယာဉ်စီးခ ငွေကျပ် ၅၀၀ သတ်မှတ်တာက တိုက်ကြီးကားတွေ၊ ကျောက်တန်းလိုင်းတွေ၊ ဥက္ကံဘက်လိုင်းတွေ ကောက်ခွင့်ပြုထားပါတယ်။ ကျန်တဲ့မြို့တွင်းအများစုကတော့ ၄၀၀ ပါ။ ကတ်စနစ်နဲ့ QR Code စနစ်က ၃၀၀ ပါ" ဟု ၎င်းက ဆိုသည်။

ယင်းကဲ့သို့ ယာဉ်စီးခတိုးမြှင့်လာသည့်အတွက် YBS ယာဉ် အသုံးပြုနေရသည့် အခြေခံလူတန်းစားများ အနေဖြင့် အဆင်မပြေမှုများရှိလာကြောင်း ခရီးသွားပြည်သူ တစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ဆို သန်လျင်ဘက်ကနေ မြို့ထဲဘက်သွားပြီးအလုပ်လုပ်ရတာ။ YBS နှစ်ဆင့်လောက်စီးရတာဆိုတော့ YBS ယာဉ်စီးခအသွားအပြန်တင် ငွေကျပ် ၂၀၀၀ လောက်ရှိတော့ တစ်လဆိုရင် ခရီးစရိတ်တင် ငွေကျပ် ၅၀၀၀၀၊ ၆၀၀၀၀ လောက်ကျနေပြီ။ အရင်ကတော့ ခရီးစဉ်လမ်းကြောင်းတစ်ခုကို ငွေကျပ် ၂၀၀၊ ၃၀၀ ပဲကျတာ" ဟု YBS ကားကို အသုံးပြု၍ နေ့စဉ်အလုပ်သွားပြန် လုပ်နေရသူလည်းဖြစ်သည့် ၎င်းက ဆိုသည်။

YBS ကုမ္ပဏီ ၂၁ ခုမှ YBS ယာဉ်လိုင်း ၁၃၁ လိုင်းမှ ယာဉ်အစီးရေ ၃၈၀၀ ခန့်ဖြင့် ခရီးသည် ၁၅ သိန်းခန့်ကို ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ထင်တာတော့ ကတ်စနစ်ကို ပိုအသုံးများလာစေဖို့အတွက် လုပ်လာတယ်လို့ ထင်ပါတယ်။ ကတ်ဖြစ်ဖြစ်၊ QR ဖြစ်ဖြစ် သုံးစေချင်တယ်။ ဒါဆိုရင်တော့ ယာဉ်လိုင်းခ ဈေးမြှင့်တက်တာကို ခံနိုင်တယ်။ အများစုကတော့ QR စနစ်နဲ့ ငွေချေတာထက် ကတ်စနစ်ကို ပိုသုံးလာတာတွေ့တယ်။ တော်တော်လည်း အရေအတွက်များလာတယ်။ တစ်ခုပဲ ကတ်ဖြတ်ဖို့ စက်ပိတ်ထားရင် ပြင်းပြင်းထန်ထန် အရေးယူစေချင်တယ်" ဟု YBS နေ့စဉ်အသုံးပြုသူ လူလတ်ပိုင်းအရွယ် ကုမ္ပဏီဝန်ထမ်း ကိုသန့်စင်က ဆိုသည်။ MT

# အိမ်မဲမြို့နယ်အတွင်းရှိ အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများသို့ အကျႌများနှင့် ဦးထုပ်များထောက်ပံ့ပေးအပ်

**အိမ်မဲ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိအခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများတွင် သင်ကြားနေသော နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကျႌများနှင့် ဦးထုပ်များ ထောက်ပံ့ပေးပြီး အားပေးစကားများ ပြောကြားခဲ့သည်။

အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်ညွန့် ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသင်ကြားနေသော ရွှေဘိုစုကျေးရွာ၊ ကျုံကနိကျေးရွာ၊ ကညင်ကွင်းကျေးရွာ၊ ညောင်ကျိုးကျေးရွာများမှ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော အကျႌများနှင့်ဦးထုပ်များကို တစ်ဆင့်ပြန်လည်ထောက်ပံ့ပေးအပ်ကာ စာသင်ဝိုင်းများတွင် ကြုံတွေ့ရသော အခက်အခဲများကို မေးမြန်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အလားတူ အိမ်မဲမြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်သော အဖွဲ့လေးဖွဲ့ဖြင့် အကျႌများနှင့် ဦးထုပ်များထောက်ပံ့ပေးပြီး အားပေးစကားများ ပြောကြားခဲ့သည်။

**ချစ်သက်လယ်( ပြန်/ဆက်)**



# လူရည်ချွန်မှသည် အနာဂတ်တိုင်းပြည်ဆီသို့

*ဒေါက်တာစိုးဝင်း (စာရင်းအင်းပညာ)*

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တတိယအချက်တွင် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ ချမှတ်ထားရှိပြီး လူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ နှစ်ရပ်စလုံးအတွက် ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလတို့နှင့် ပြည့်စုံသော လူငယ်များပြုစုပျိုးထောင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး လူရည်ချွန်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ နှစ်စဉ်ဆက်တိုက်အကောင်အထည်ဖော်ဆောင်ခဲ့ပါသည်။ ၁၉၈၉ မှစ၍ ယာယီရပ်နားထားခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် "လူရည်ချွန်" အမည်အစား "ဘက်စုံပညာထူးချွန်လူငယ်" စီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် "လူရည်ချွန်" အမည်ဖြင့် ပြန်လည်သုံးနှုန်း အကောင်အထည်ဖော်ခဲ့ကြပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပျံ့နှံ့မှုအရ ခေတ္တရပ်နားခဲ့ရပြန်၍ ၂၀၂၂-၂၃ ပညာသင်နှစ်တွင် ပြန်လည်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

လူရည်ချွန်တစ်ဦးဖြစ်ရန်မှာ လွယ်ကူလှသည်တော့မဟုတ်ကြောင်း ကိုယ်တိုင်ဖြတ်သန်းခဲ့သော အတွေ့အကြုံများအရ သိရှိခဲ့ရပါသည်။ စီးပွားရေးတက္ကသိုလ်တွင် မိမိအနေဖြင့် စာရင်းအင်းပညာ ဘာသာရပ်များကို ကြိုးစားသင်ယူရင်း စာကြိုးစားမှု၏ရလဒ်အဖြစ် စတုတ္ထနှစ် လူရည်ချွန်ရွေးချယ်ရာတွင် ဝင်ရောက်ဖြေခွင့်ရခဲ့ပါသည်။ မြောက်မြားလှသော အထွေထွေဗဟုသုတ မေးခွန်းများကို စုစုပေါင်း ၁၂ ယောက်တိတိ ရေးဖြေပါဝင်ယှဉ်ပြိုင်ကြရင်း ပထမအကြိမ်လူတွေ့ စစ်မေးမှုအပြီး ဆန်ခါတင် သုံးဦးတွင် ပါဝင်ခဲ့ရပါသည်။ လူရည်ချွန်ဟူသည် စာတော်ရုံမျှမက ဉာဏဗလအနေဖြင့် ဉာဏ်ပညာစွမ်းအား ဗဟုသုတနှံ့စပ်ကျွမ်းကျင်ရန်လည်း လိုအပ်ကြောင်း မှတ်သားခဲ့ရပါသည်။ ကာယဗလကြံ့ခိုင်မှုအနေဖြင့် အပြေး (တာတို/တာလတ်)၊ အလျားခုန်၊ အိပ်ထမတင်၊ ဒိုက်ထိုး၊ ခါးရှေ့ကုန်းထိ စသည်ဖြင့် အမယ်မျိုးစုံ ပါဝင်ယှဉ်ပြိုင်ရင်း ဒုတိယအကြိမ် လူတွေ့စစ်မေးမှု ခံယူခဲ့ရပါသည်။ ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ခုဖြစ်သော အ-သုံးလုံးလုပ်အားပေးတွင် ပါဝင်ခဲ့မှုနှင့် နွေရာသီလုပ်အားပေးလုပ်ငန်းများတွင် ပါဝင်ခဲ့မှုများကလည်း မိတ္တဗလဖြစ်သော မိတ်ဆွေခင်ပွန်းများ ဖွဲ့စည်းနိုင်မှုစွမ်းအားချဲ့ထွင်နိုင်မှုအပြင် လူရည်ချွန်ဖြစ်လာရေးကို အထောက်အကူပြုခဲ့ပါသည်။ စိတ်ဓာတ်ပြင်းပြမှုနှင့်အတူ ကြိုးစားမှုအရ အမိစီးပွားရေးတက္ကသိုလ်၏ စတုတ္ထနှစ် လူရည်ချွန်အဖြစ် အရွေးချယ်ခံခဲ့ရပြီး ငပလီရွှေဝါချိုင်သို့ ၁၉၈၂ ခုနှစ်တွင် အပန်းဖြေ ရောက်ခဲ့ရပါသည်။ တက္ကသိုလ်အသီးသီးမှ ပါဝင်လာကြသူများနှင့် မိတ်ဆွေဖွဲ့ရင်း ဗဟုသုတရစရာ၊ မှတ်သားစရာ၊ လေ့လာသင်ယူမှုများနှင့်အတူ အတိတ်ကာလတစ်ခု၏ မြန်မာနှစ်ကူးလတန်ခူးတွင် ပျော်ရွှင်ခဲ့ရပါသည်။

မြန်မာနှစ်ကူးလတန်ခူးသည် နှစ်ဟောင်းကိုစွန့်ခွာ၍ နှစ်သစ်၏ပထမလဖြစ်သည်နှင့်အညီ အတိတ်ကို ရှုမြင်သုံးသပ်ရင်း အနာဂတ်အတွက်ရည်မျှော်လို့ ပစ္စုပ္ပန်ကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ကြရပေမည်။ အနာဂတ်တိုင်းပြည်ကို အကောင်းဆုံးပုံဖော်ထုဆစ်မည့် ယနေ့လူငယ် နောင်ဝယ် လူကြီးဖြစ်မည့်သူများအတွက် လက်ဆင့်ကမ်းပေးရမည့်နေရာ မိမိရောက်ခဲ့ပြီ။ ဧပြီလ ၂၆ ရက်တွင် စတင်မည့် ၂၀၂၄ လူရည်ချွန်စီမံကိန်းအတွက် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ရပေမည်။ ၂၀၂၄ အတွက် စုပေါင်းစခန်းသည် နေပြည်တော်ဖြစ်၍ နယ်စခန်းများမှာ ပုဂံလူရည်ချွန်စခန်း၊ တောင်ကြီး လူရည်ချွန်စခန်း၊ ငွေဆောင်လူရည်ချွန်စခန်းနှင့် ချောင်းသာလူရည်ချွန်စခန်းတို့ ဖြစ်ကြပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စုပေါင်းစခန်းဖြစ်သော နေပြည်တော်ဖွင့်ပွဲတွင် လူရည်ချွန်များအတွက် ဗဟုသုတရစရာ၊ ဂုဏ်ယူအားကျစရာ ပြခန်းပြကွက်များဖြင့် ပါဝင်ပြသကြမည် ဖြစ်ပါသည်။

ပညာရေးတွင် အခြေခံနှင့်အဆင့်မြင့်ဟူသော ကဏ္ဍနှစ်ရပ်စလုံးအတွက် လူရည်ချွန်များမွေးထုတ်ပေးခဲ့ရာတွင် အချို့သောလူရည်ချွန်များမှာ အခြေခံတွင် လူရည်ချွန်ဖြစ်ခဲ့ကြသလို အဆင့်မြင့်ပညာအထိလည်း ဆက်လက်ရွေးချယ်ခံခဲ့ရပါသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ကဏ္ဍနှစ်ရပ်တွင် အရွေးချယ်ခံရသည့် လူရည်ချွန်အရေအတွက်ကို ကျား-မအလိုက် **ပုံ(၁)** တွင် တွေ့မြင်နိုင်ပါသည်။




**ပုံ(၁) အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍအလိုက် လူရည်ချွန်အရေအတွက် (၁၉၆၄-၈၈)**

အဆိုပါနှစ်များအတွင်း တစ်ကြိမ်ထက်မကရရှိသူများနှင့် နှစ်စဉ်ဆက်တိုက်(ထပ်ကွမ်း) လူရည်ချွန်များ အပါအဝင် နှစ်အလိုက်ရရှိခဲ့သည့် လူရည်ချွန်ဦးရေကို စုပေါင်းရေတွက်ပါက ၇၉၀၈ ဦး ဖြစ်နေပြီး အမှန်တကယ်ရရှိသည့် လူရည်ချွန်အရေအတွက်မှာ ၅၁၆၈ ဦးဖြစ်ပါသည်။ အခြေခံနှင့်အဆင့်မြင့်ကဏ္ဍ နှစ်ရပ်စလုံးတွင် ရွေးချယ်ခံရသူလူရည်ချွန်အရေအတွက်မှာ ၂၂၆ ဦး (ကျား-၁၄၁ ဦး နှင့် မ-၈၅ ဦး) ရှိ၍ ၄.၃၇% ဖြစ်ပါသည်။ တစ်ကြိမ်ထက်မက အရွေးချယ်ခံရသည့် လူရည်ချွန်အရေအတွက်မှာ ၁၆၂၇ ဦး ဖြစ်၍ ၎င်းတို့အနက် နှစ်စဉ်ဆက်တိုက် ထပ်ကွမ်းရရှိသူအရေအတွက်မှာ ၁၄၃၉ ဦး ဖြစ်ပြီး ၁၉၆၄-၈၈ လူရည်ချွန်ပေါင်း၏ ၂၇.၈၄% ရှိပါသည်။ အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍအလိုက် ထပ်ကွမ်းလူရည်ချွန် အရေအတွက်ကို နှစ်စဉ်ဆက်တိုက်(ထပ်ကွမ်း)အရေအတွက်အလိုက် **ပုံ(၂)** တွင် တွေ့မြင်နိုင်ပါသည်။




ပုံ(၂) အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍအလိုက် ထပ်ကွမ်းလူရည်ချွန်အရေအတွက် (၁၉၆၄-၈၈)

**" လူရည်ချွန်ဟူသည် စာတော်ရုံမျှမက ဉာဏဗလအနေဖြင့် ဉာဏ်ပညာစွမ်းအား ဗဟုသုတနှံ့စပ်ကျွမ်းကျင်ရန်လည်း လိုအပ်ကြောင်း မှတ်သားခဲ့ရ။ ကာယဗလကြံ့ခိုင်မှုအနေဖြင့် အပြေး (တာတို / တာလတ်)၊ အလျားခုန်၊ အိပ်ထမတင်၊ ဒိုက်ထိုး၊ ခါးရှေ့ကုန်းထိ စသည်ဖြင့် အမယ်မျိုးစုံ ပါဝင်ယှဉ်ပြိုင်ရင်း ဒုတိယအကြိမ် လူတွေ့စစ်မေးမှု ခံယူခဲ့ရပါသည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သော အ-သုံးလုံးလုပ်အားပေးတွင် ပါဝင်ခဲ့မှုနှင့် နွေရာသီလုပ်အားပေးလုပ်ငန်းများတွင် ပါဝင်ခဲ့မှုများကလည်း မိတ္တဗလဖြစ်သော မိတ်ဆွေခင်ပွန်းများ ဖွဲ့စည်းနိုင်မှုစွမ်းအားချဲ့ထွင်နိုင်မှုအပြင် လူရည်ချွန်ဖြစ်လာရေးကို အထောက်အကူပြုခဲ့ "**

အနာဂတ်၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် လူရည်ချွန်များကို မွေးထုတ်ပေးခဲ့ပါသည်။ ပြီးခဲ့သည့် စီမံကိန်းကာလ ၁၉၆၄-၈၈ ခုနှစ်ကိုကြည့်လျှင် နှစ်ပေါင်း ၃၆ နှစ်မှ ၆၀ နှစ် တိုင်ခဲ့ပေပြီ။ အဆိုပါ နှစ်များအတွင်း ရွေးချယ်ခြင်းခံခဲ့ရသည့် လူရည်ချွန်မောင်မယ်များသည် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့၌ နယ်ပယ်မျိုးစုံ၊ ကဏ္ဍမျိုးစုံတို့၌ပါဝင်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ခဲ့ကြသူများရှိခဲ့ကြသကဲ့သို့ ဗလငါးတန် ပြည့်စုံစွာဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုး၊ လူမှုအကျိုးတို့ကို ပံ့ပိုးဆောင်ရွက်လျက်ရှိသူများလည်း ပါဝင်ပါသည်။ အစိုးရကဏ္ဍကိုကြည့်လျှင် လူရည်ချွန်ရရှိခဲ့သူများအနေဖြင့် နိုင်ငံတာဝန်များကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ပြီးသူများရှိသကဲ့သို့ တိုင်းပြည်တာဝန်ကို လက်ရှိထမ်းဆောင်လျက်ရှိသူများလည်း ရှိကြပါသည်။ ဝန်ကြီးဌာနအသီးသီးမှ ရနိုင်သမျှစုစည်းရရှိသော အချက်အလက်များအရ ညွှန်ကြားရေးမှူး/ပါမောက္ခ အဆင့်နှင့်အထက် တာဝန်ထမ်းသူအရေအတွက် စုစုပေါင်းမှာ ၂၆၁ ဦးထက် မနည်းရှိခဲ့ပြီး ဘာသာရပ်ဆိုင်ရာ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ပညာရှင်များမှသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယသမ္မတရာထူးများအထိ ပါဝင်ခဲ့ကြပါသည်။ ထိုကာလအတွင်း မွေးထုတ်ခဲ့သည့် လူရည်ချွန်ဦးရေ၏ ၅.၀၅% ရှိပါသည်။ အစိုးရကဏ္ဍ၌ ညွှန်ကြားရေးမှူး/ပါမောက္ခအဆင့်နှင့်အထက် တာဝန်ထမ်းဆဲနှင့် တာဝန်ထမ်းခဲ့ကြသူ အရေအတွက်ကို **ပုံ(၃)** တွင် တွေ့မြင်နိုင်ပါသည်။




**ပုံ(၃) ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်ဆုရရှိခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍ၌ အဆင့်မြင့်တာဝန်များ ထမ်းဆောင်ကြသည့် လူရည်ချွန်အရေအတွက်**

*စာမျက်နှာ ၇ သို့*

# ၂၀၂၄ ခုနှစ် လူရည်ချွန်စုရပ်စခန်းအသီးသီးသို့သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၃

၂၀၂၄ ခုနှစ် လူရည်ချွန်စုရပ်စခန်း အသီးသီးသို့ သွားရောက်မည့် ရန်ကုန်တိုင်းဒေသကြီးမှ လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မကွေးတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲကျင်းပ



မကွေး ဧပြီ ၂၃

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခြင်းခံရသည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက မကွေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးသက်လေးဦးက လူရည်ချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လူရည်ချွန် မောင်မယ်များက ပြည်မြန်မာ တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေသည်။

ထို့နောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ကိုယ်စား လူရည်ချွန်ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ချီးမြှင့်ငွေကျပ် ၂၅ သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန် ကျောင်းသား ကျောင်းသူများထံ ချီးမြှင့်ပေးအပ်သည်။ (ဝဲပုံ)

မောင်ညီညာ

## အနာဂတ်၏ပဲ့ကိုင်ရှင်များ

❖ ရာစုခေတ်များ၊ ရွေ့လျားလာတယ်
၂၀ ရာစုအရောက်၊ မျက်မှောက်ကမ္ဘာဝယ်
နယ်ပယ်အသစ်၊ ပညာခေတ်စတင်တယ်။

❖ ပညာစကားရပ်၊ သိ, တတ်နှစ်သွယ်
အသိပညာနယ်၊ ဉာဏ်ရည်ကြွယ်လျက်
ဆင်ခြင်ဖွယ်သတိ၊ ပါရှိနေပြန်တယ်။

❖ အတတ်ပညာနယ်၊ နည်းပညာကြွယ်လျက်
တီထွင်ဖွယ်သစ်ဆန်း၊ လက်တွေ့စမ်းဖို့လိုပြန်တယ်။

❖ တို့မြန်မာနိုင်ငံ၊ လူရည်ချွန်ဆိုတာ
ငါးတန်ဗလ၊ ပြည့်ဝထူးချွန်
နိုင်ငံအနာဂတ်၊ လက်ဝယ်အပ်ရမဲ့
သိ, တတ်ပညာရှင်၊ ဖြစ်စေချင်ပါတယ်။

❖ မြတ်သည့်မင်္ဂလာဂုဏ်မွန်၊ လူရည်ချွန်တွေ့ဆုံပွဲမှကွယ်
တတ်, သိပညာစုံရန်၊ လူရည်ချွန်အားကုန်ခဲကြမယ်....။ ။

**စစ်တွေမေလတ်ဇံ**
(၁၉၆၅၊ ၁၉၆၆၊ ၁၉၆၈ လူရည်ချွန်)

(၂၆-၄-၂၀၂၄ လူရည်ချွန် တွေ့ဆုံပွဲကို ဂုဏ်ပြုစပ်ဆိုပါသည်။)

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲကျင်းပ

မုံရွာ ဧပြီ ၂၃

**စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ လူရည်ချွန်မောင်မယ်များနှင့် မိဘများ တက်ရောက်ကြသည်။**

**အတွေ့အကြုံများပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် ၁၉၈၁ ခုနှစ် သတ္တမတန်းနှင့် ၁၉၈၃ ခုနှစ် နဝမတန်း လူရည်ချွန် နှစ်ထပ်ကွမ်း တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်နှင့် ၁၉၈၅ ခုနှစ် ရန်ကုန် တက္ကသိုလ် စတုတ္ထနှစ် သစ်တောပညာလူရည်ချွန် တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်တို့က လူရည်ချွန်အတွေ့အကြုံများကို ပြောကြားကြသည်။

**ဂုဏ်ပြုထောက်ပံ့**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ် ဆရာ ဆရာမများအား ဂုဏ်ပြု ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က လူရည်ချွန် မောင်မယ်များအတွက် ဂုဏ်ပြု ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် လူရည်ချွန် မောင်မယ်များကိုယ်စား နှစ်ထပ်ကွမ်း လူရည်ချွန် မမြင့်မြတ်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လူရည်ချွန် မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သိရသည်။ **(အောက်ပုံ)**

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

ပထမစီမံကိန်းကာလဟု သတ်မှတ်နိုင်သော လူရည်ချွန်စီမံကိန်း ၁၉၆၄-၈၈ တွင် လူရည်ချွန်အဖြစ် အရွေးခံရသူများသည် တိုင်းပြည်၏အနာဂတ်သာယာလှပစေရေး ကြိုးစားဆောင်ရွက်ကြသကဲ့သို့ ဒုတိယ စီမံကိန်းကာလဟု သတ်မှတ်နိုင်သော လူရည်ချွန်စီမံကိန်း ၂၀၁၃ နောက်ပိုင်းသည်လည်း ဗလငါးတန်အခြေပြုလျက် လုပ်ငန်းခွင်အသီးသီးသို့ ချင်းနင်းဝင်ရောက်လာခဲ့ကြပေပြီ။ ထပ်ကွမ်း လူရည်ချွန်များသည်လည်း များစွာပေါ်ပေါက်လာခဲ့ပါသည်။ ပထမစီမံကိန်းကာလတွင် လူရည်ချွန် အရွေးချယ်ခံရသူ မိမိသည်ပင် ဒုတိယစီမံကိန်းကာလ လူငယ်ကဏ္ဍလေ့ကျင့်ပျိုးထောင်ရေး၏ လူရည်ချွန် စီမံကိန်းကို အောင်မြင်အောင် ပံ့ပိုးဆောင်ရွက်ရင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ လူရည်ချွန်အဟောင်းတို့၏နေရာတွင် လူရည်ချွန်အသစ်တို့ အစားထိုးဝင်ရောက်ရင်း အနာဂတ်တိုင်းပြည် လှပစေရေးအတွက် ယနေ့လူရည်ချွန်များကလည်း ကြိုးပမ်းဆောင်ရွက်ကြရပေဦးမည်ဖြစ်သည်ဟု ဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား** - အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်၏ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ်အလိုက် လူရည်ချွန်စာရင်းများ

# ရှမ်းပြည်နယ် လူရည်ချွန်မောင်မယ်များ ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲကျင်းပ



**တောင်ကြီး ဧပြီ ၂၃**

နေပြည်တော် စုရပ်စခန်းသို့ သွားရောက်မည့် ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်မှ လူရည်ချွန် မောင်မယ်များသည် ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူခြင်းကို ဧပြီ ၂၃ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဩဝါဒခံယူပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က လူရည်ချွန်မောင်မယ်များအား လေ့လာရေးခရီးစဉ်များကို စီစဉ်ပြီး လေ့လာစေလိုသည့် ရည်ရွယ်ချက်ကို သိရှိရန်လိုအပ်ပါကြောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ လာရောက်ဆုံတွေ့ကြရသည့် လူရည်ချွန်အချင်းချင်း မိတ်ဆွေများဖြစ်ပြီး ရင်းနှီးခင်မင်မှုများ ရကြသည့်အတွက် အဖိုးမဖြတ် နိုင်သည့် ခရီးစဉ်များဖြစ်ကာ တိုင်းရင်းသားများ သွေးစည်းညီညွတ်ကြရန်၊ ချစ်ခင်ရင်းနှီးရန်၊ တစ်ဦးနှင့် တစ်ဦး ဖေးမကူညီရန်၊ အတူသွား အတူစား အတူနေထိုင်ရင်း မောင်ရင်းနှမပမာ နေထိုင်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူများအား ငွေကျပ် ၈၅ သိန်းကို ဂုဏ်ပြုချီးမြှင့်ရာ ပြည်နယ်ပညာရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် လူရည်ချွန်မောင်မယ်များက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၀ သိန်းပေးအပ်ရာ လူရည်ချွန်မောင်မယ်များက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန် မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မွန်ပြည်နယ် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူ

**မော်လမြိုင် ဧပြီ ၂၃**

မွန်ပြည်နယ် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲကို ယမန်နေ့က မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ပညာရေးမှူးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် လူရည်ချွန်ရွေးချယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများအား ထောက်ပံ့ငွေကျပ် ၁၉၆၀၀၀၀ ပေးအပ်ရာ လူရည်ချွန်ကျောင်းသား ကျောင်းသူနှစ်ဦးက လက်ခံရယူကြသည်။

ယင်းနောက် မွန်ပြည်နယ်ကိုယ်စားပြု လူရည်ချွန်ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်သည် တက်ရောက်လာသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**





# ၂၀၂၄ ခုနှစ် လူရည်ချွန်စခန်းများသို့ သွားရောက်မည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ထောက်ပံ့ငွေများပေးအပ်

**ပဲခူး ဧပြီ ၂၃**

ပဲခူးမြို့ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဧပြီ ၂၃ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူရည်ချွန်စခန်းများသို့ သွားရောက်မည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းထံမှ ဩဝါဒခံယူပွဲ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်မည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများ စုစုပေါင်း ၅၆ ဦးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ် ၅၆ သိန်း ထောက်ပံ့ပေးအပ်ခဲ့ရာ ကျောင်းသားတစ်ဦးက ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာ လူရည်ချွန်စခန်းအသီးသီးသို့ ထွက်ခွာမည့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် နွေရာသီကင်းထောက်လူငယ် သင်တန်းဖွင့်ပွဲတက်ရောက်

**ပုသိမ် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နွေရာသီ ကင်းထောက်လူငယ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကင်းထောက် သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ပြီး **(အောက်ပုံ)** ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်သူ့အတွက် အဆင်သင့်" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကင်းထောက် လှုပ်ရှားမှုပြခန်းကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကချင်ပြည်နယ်ဝန်ကြီးချုပ် အားကစားနည်းအလိုက် တာဝန်ရှိသူများအား ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား ဧပြီ ၂၃**

ကချင်ပြည်နယ် လူငယ်ရေးရာ ကော်မတီကကြီးမှူး၍ ပြည်နယ်အားကစား ဆပ်ကော်မတီအသီးသီးနှင့် ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းသားလူငယ်များအတွက် အားကစားနည်း ၁၅ မျိုးဖြင့် ၂၀၂၄ ခုနှစ်၊ နွေရာသီအဆင့်မြင့် အားကစားသင်တန်းများ ဖွင့်ပွဲကို ဧပြီ ၂၂ ရက်က ပြည်သူ့အားကစားကွင်း အတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းများ ဖွင့်ပွဲသို့ ကချင်ပြည်နယ် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် မတ် ၁ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်ခဲ့သည့် နွေရာသီ အားကစားသင်တန်းများ အပြီးထပ်မံ၍ ဆက်လက်ဖွင့်လှစ်သွားမည့် အဆင့်မြင့်အားကစားနည်း သင်တန်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ဂျူဒို၊ ကရာတေးဒို၊ ဝူရှူး၊ Fitness Dance နှင့် အေရိုးဗစ် သင်တန်း၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ ရိုးရာလက်ဝှေ့၊ ပိုက်ကျော်ခြင်း စသည့် အားကစားနည်းအလိုက် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သရုပ်ပြသခဲ့သည့် အားကစားနည်းအလိုက် တာဝန်ရှိသူများအား ထောက်ပံ့ငွေကျပ် ၁၃ သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ပြည်နယ် (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း တန်ခိုးကြီးစေတီဘုရား ၁၇ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်ပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်နေ

မန္တလေး မေ ၂၃

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးစေတီဘုရား ၁၇ ဆူတွင် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital Directory) များ တပ်ဆင်ပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။**

အဆိုပါစေတီဘုရားများကို Pagoda Digital Directory များ တပ်ဆင်ဆောင်ရွက်ပေးခြင်းဖြင့် အဆိုပါစေတီဘုရားများ၏ သမိုင်းအချက်အလက်များ၊ စေတီဘုရားများနှင့်ပတ်သက်သည့် အကြောင်းအရာများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း လေ့လာကြည့်ရှုနိုင်စေရန်၊ ဘုရားဖူးလာရောက်မှု တိုးမြှင့်လာစေရန်၊ နိုင်ငံတကာဘုရားဖူးခရီးသွားများကို ဆွဲဆောင်နိုင်စေရန်နှင့် နိုင်ငံတကာ အဆင့်မီဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ Pagoda Digital Directory များ တပ်ဆင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်မည့် တန်ခိုးကြီးစေတီဘုရားများမှာ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား၊ ပဒ္ဓမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်၊ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ရွှေကျီးမြင်စေတီတော်၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နှိမ် အောင်တော်မူစေတီတော်၊ ကျောက်ဆည်မြို့နယ်ရှိ ရွှေသိမ်တော်ဘုရား၊ ပြင်ဦးလွင်မြို့နယ်ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရားတို့အပြင် ညောင်ဦးခရိုင်အတွင်းရှိ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ လောကနန္ဒာ၊ တုရင်တောင်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ မနူဟာဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ဓမ္မရာဇကဘုရားတို့တွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး နွေရာသီအဆင့်မြင့်အားကစားသင်တန်းဖွင့်





**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၄ ခုနှစ် နွေရာသီ အဆင့်မြင့်အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး (ယာပုံ) သင်တန်းသား သင်တန်းသူများအား အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများက Fitness Dance ၊ ဝူရှူး၊ ရိုးရာခြင်းလုံး၊ ကျွမ်းဘားအားကစားအဖွဲ့များ၏ သရုပ်ပြသခြင်းတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သရုပ်ပြသကြသည့် အားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

တိုင်းဒေသကြီးအဆင့် နွေရာသီ အခြေခံအားကစားနည်း သင်တန်းကို မတ် ၂ ရက်မှ ၂၉ ရက်အထိ အားကစားနည်း ၂၂ မျိုးဖြင့် အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုထပ်မံ၍ ရန်ကုန်တိုင်းဒေသကြီး နွေရာသီ အဆင့်မြင့် အားကစားသင်တန်းကို မေ ၂၂ ရက်မှ မေ ၂၁ ရက်အထိ အားကစားနည်း ၁၆ မျိုး ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အားကစားနည်းအလိုက်စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**အာကာစိုး**

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၂၃

**ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ) က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော် (လေ) က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။**



လေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများအား နည်းပြများက သင်ကြားပို့ချစဉ်။

**လေ့ကျင့်သင်ကြားပေးလျက်ရှိ**

ထိုသို့ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး၊ နေပြည်တော်စခန်း တန်းခွဲ (၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်း လူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၅၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦး၊ ကျွန်းစုမြို့ရှိရေကြောင်း လူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦးနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ) အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း စခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို ယနေ့တွင် အခြေခံစစ်ရေးပြ ဘာသာရပ်၊ လေကြောင်းပညာသမိုင်း ဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတ်ပုံ ...



ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများအား နည်းပြများက သင်ကြားပို့ချစဉ်။

... ဓာတိသွေး၊ ဓာတိမာန် ဘာသာရပ်၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း ဘာသာရပ်နှင့် RC/Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များအား သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ် သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုအန္တရာယ် တားဆီးကာကွယ်

မောင်ကမ္ဘာ

**ယနေ့ကမ္ဘာတွင် အကြမ်းဖက်မှုများ တစ်ကျော့ပြန်ခေါင်းထောင်လာသည်။ ပြီးခဲ့သည့် မတ်လ ၂၂ ရက်နေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့တော် ဆင်ခြေဖုံးရှိ Crocus City Hall ခန်းမ၌ ပြုလုပ်သည့်ကပွဲကို အကြမ်းဖက်သမားလေးယောက်က သေနတ်နှင့်ပစ်၊ ခတ်ဆီဗုံးများနှင့်ဖောက်ခွဲ၍ လူ ၁၄၀ ကျော် သေဆုံးပြီး ၃၀၀ ခန့် ဒဏ်ရာရရှိသွားကြသည်။**

အကြမ်းဖက်သမားများနှင့် ဆက်နွှယ်ပတ်သက်သူများကို ရုရှားထောက်လှမ်းရေး (FSB) က ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဖမ်းဆီးရမိသူ အကြမ်းဖက်သမားလေးယောက်သည် တာဂျစ်ကစ္စတန်နိုင်ငံသားလူငယ်များဖြစ်ကြပြီး အာဖဂန်နစ္စတန်အခြေစိုက် ISIS–K အကြမ်းဖက်အဖွဲ့က ၎င်းတို့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ ဖမ်းဆီးရမိသူများထံမှ ရရှိသတင်းအရ အဆိုပါတရားခံများသည် IS ကဲ့သို့ ဘာသာရေးအစွန်းရောက်သမားများ မဟုတ်ဘဲ ဆင်းရဲ၍ ငွေပေးပြီး အခိုင်းခံရသူများဖြစ်ကြောင်း ရုရှားကဆိုသည်။

**ဘက်စလန်ကျောင်းအား စီးနင်းမှုအတွင်း ကလေး၊ လူကြီး ၃၀၀ ကျော် သေဆုံး**

၂၀၀၄ ခုနှစ်က ရုရှားနိုင်ငံမြောက်ပိုင်း Ossetia နယ်ရှိ ဘက်စလန်ကျောင်းအား ချေချင်းညာ ခွဲထွက်ရေးအုပ်စုတစ်စု၏ အကြမ်းဖက်အပိုင်စီးနင်းမှုကို ရုရှားအထူးတပ်ဖွဲ့က ဝင်ရောက်ရှင်းလင်းကယ်ထုတ်စဉ်အတွင်း ကလေး၊ လူကြီး ၃၀၀ ကျော် သေဆုံးခဲ့ရသည့် ဖြစ်စဉ်နောက်ပိုင်း ယခု လူရာနှင့်ချီသေဆုံးခဲ့ရသည့် အကြမ်းဖက်မှုတစ်ခုဖြစ်ခဲ့သည်။

သို့ရာတွင် အနောက်မီဒီယာများကမူ ကိုယ့်မဟာမိတ်နိုင်ငံ မဟုတ်ဘဲ ပြိုင်ဘက်နိုင်ငံများတွင် ဖြစ်ပွားလေ့ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် တတ်နိုင်သမျှ ဖုံးဖိ၊ လျှော့ပေါ့ ဖော်ပြလေ့ရှိသည့်ထုံးစံအတိုင်း ဖမ်းမိအကြမ်းဖက်သမားလူငယ်များကိုလည်း အပြစ်မဲ့သူများ၊ နှိပ်စက်ညှဉ်းပန်းမှုကြောင့် ဝန်ခံထွက်ဆိုခဲ့သူများအဖြစ်ပုံဖော်၍ ဖော်ပြခဲ့ကြသည်။

**တစ်ကိုယ်တော်ကျူးလွန်ခဲ့သူကို အသေပစ်ခတ်ဖမ်းဆီး**

ဧပြီလ ၁၃ ရက်နေ့ ညနေ ၃ နာရီခွဲခန့်တွင် ဩစတြေးလျနိုင်ငံ၏ အဓိကမြို့ကြီးဖြစ်သည့် ဆစ်ဒနီမြို့ရှိ လူစည်ကားရာ ဈေးဝယ်စင်တာတစ်ခု၌ အမျိုးသားတစ်ဦးက ဓားဖြင့်တိုက်ခိုက်မှုကျူးလွန်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများထဲတွင် ဒဏ်ရာပြင်းထန်သူများ၊ စိုးရိမ်စရာအခြေအနေရှိသူများအပြင် ကလေးငယ်တစ်ဦးလည်း ပါဝင်သည်။ တစ်ကိုယ်တော်ကျူးလွန်ခဲ့သူ အကြမ်းဖက်သမားကိုမူ ရဲတပ်ဖွဲ့က အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။

ဧပြီလ ၁၄ ရက်နေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်တွင် မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့တော်ဝန်သင်္ကြန်မဏ္ဍပ် အနောက်ဘက်ဆိုင်ကယ်ရပ်နားဆောင်၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းနှစ်လုံးပေါက်ကွဲမှုကြောင့် ကလေးငယ်ငါးဦးအပါအဝင် ဒေသခံပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

**အကြမ်းဖက်သမားများအား အပြစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ**

ဧပြီလ ၁၄ ရက်နေ့သည် မြန်မာတို့၏ နှစ်သစ်ကူးကာလ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အကျနေ့ အခါသမယဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာ အတာသင်္ကြန်ရေသဘင်ပွဲတော်ကို ရိုးရာမပျက်ဆင်နွှဲလေ့ရှိသည့် အပြစ်မဲ့ပြည်သူများနှင့် ကလေးသူငယ်များအား ရည်ရွယ်ချက်ရှိရှိဖြင့် လက်လုပ်မိုင်းများ ဖောက်ခွဲခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

တစ်ဆက်တည်းမှာပင် အကြမ်းဖက်သမားများသည် ဧပြီလ ၁၄ ရက်နေ့ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနောက်ဘက်မှ ပြင်ဦးလွင်မြို့အတွင်းသို့ ၁၀၇ မမ ရှော့တိုက်ဒုံး ၁၁ လုံးဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ရာ ပြည်သူ့ဆေးရုံရှိ အရိုးကုသဆောင်၊ အောင်မြေဇေယျာဘုန်းကြီးကျောင်း၊ Luxury Hotel၊ ရပ်ကွက်ကြီး (၅)၊ ဗလမင်းထင်ရပ်ကွက်နှင့် စံပယ်ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးသီးများ ကျရောက်ပေါက်ကွဲခဲ့သည်။

အဆိုပါပေါက်ကွဲမှုကြောင့် အောင်မြေဇေယျာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ရဟန်းနှစ်ပါး ပျံလွန်တော်မူပြီး ပြည်သူနှစ်ဦးသေဆုံးကာ ပြည်သူ ၁၂ ဦး ထိခိုက်ဒဏ်ရာများရရှိသွားခဲ့ကြသည်။ အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူထဲတွင် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသော အသက် ၅ နှစ်နှင့် ၉ နှစ်အရွယ် ကလေးငယ်များအပါအဝင် လူနာနှင့်ဆေးရုံဝန်ထမ်း ၁၁ ဦး ပါဝင်ကြောင်း သိရသည်။

**အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်လုပ်ရပ်**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ယခုကဲ့သို့ ထူးခြားလေးနက်သော အခါသမယတွင် အကြမ်းဖက်သမားများ အနေဖြင့် အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်လာခြင်းဖြစ်ကြောင်း။

အဆိုပါ အကြမ်းဖက်သမားတို့၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုအပေါ် ဝိုင်းဝန်းဆန့်ကျင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ မြို့ရွာများ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကာ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး ၎င်းတို့ပုန်းခိုနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

တစ်ဖန် ဧပြီလ ၁၆ ရက်နေ့ မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ ပြည်သူ့ဆေးရုံအား အကြမ်းဖက်သမားများက Drone ဖြင့် Drop Bomb တစ်လုံး လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကလေးကုသဆောင်၌ ဆေးရုံတက်ရောက် ကုသနေသည့် ကလေးငယ်တစ်ဦးနှင့် လူနာစောင့် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြန်သည်။

**မြန်မာနိုင်ငံသည် အကြမ်းဖက်မှုကို အများဆုံးရင်ဆိုင်ကြုံတွေ့နေရ**

ယနေ့ကမ္ဘာတွင် မြန်မာနိုင်ငံသည် အကြမ်းဖက်မှုအန္တရာယ်ကို အများဆုံး ရင်ဆိုင် ကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ အတိတ်ကာလတွင် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုဖြစ်စဉ်များမှာ ရှားရှားပါးပါးမရှိသလောက်နည်းပါးခဲ့ပါသည်။ သို့သော် ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံရေး အပြောင်းအလဲကာလနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အကြမ်းဖက်အဖွဲ့ အစည်းများ၊ အကြမ်းဖက်သမားများ၏ စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။

သက်ဆိုင်ရာ၏ သတင်းထုတ်ပြန်ချက်များအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မှ ၂၀၂၄ ခုနှစ် မတ်လ ၂၆ ရက်နေ့အထိ နိုင်ငံတစ်ဝန်းတွင် NUG၊ PDF တို့၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်းသံဃာ ၈၁ ပါး၊ သီလရှင်နှစ်ပါး ပျံလွန်ခဲ့ပြီး အပြစ်မဲ့ပြည်သူ ၅၇၉၁ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၁၉၅၂ ဦးအပါအဝင် စုစုပေါင်း ၇၈၂၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အကြမ်းဖက် ဖျက်ဆီးမှုအနေဖြင့် ဆက်သွယ်ရေး၊ လျှပ်စစ်တာဝါတိုင် ၅၆၃ ခု၊ ကျန်းမာရေးအဆောက်အအုံ ၅၅ လုံး၊ ဘာသာရေးအဆောက်အအုံ ၇၇ လုံး၊ လမ်းတံတား/ တိုးဂိတ်အဆောက်အအုံ ၁၅၁၈ ခု၊ စာသင်ကျောင်း/ ပညာရေးအဆောက်အအုံ ၆၇၇ လုံး၊ လူနေအဆောက်အအုံ ၁၀၆၉ လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ ၂၇၅၇ လုံး၊ စက်ရုံ/ အလုပ်ရုံ ၉၉ လုံး၊ အခြားအဆောက်အအုံ ၄၈၃ လုံး စုစုပေါင်း ၇၂၉၈ လုံးရှိခဲ့ကြောင်း သိရသည်။

လူခြောက်ဦးကိုဓားဖြင့် ထိုးသတ်ခဲ့သော ဆစ်ဒနီမြို့ ဈေးဝယ်စင်တာဖြစ်ရပ်အပေါ် ဩစတြေးလျဝန်ကြီးချုပ်အန်သိုနီအယ်ဘာနီစ်က "အဆိုပါဖြစ်ရပ်မှာ စကားလုံးဖြင့် ဖော်ပြရန် မလွယ်ကူကြောင်း၊ ယင်းဖြစ်ရပ်မှာ သာမန်အပြစ်မဲ့ဈေးဝယ်သူများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သော ကြောက်မက်ဖွယ်အကြမ်းဖက်တိုက်ခိုက်မှု"ဟု ပြောကြားခဲ့သော်လည်း နှစ်နှစ်ကျော် သုံးနှစ်ကာလအတွင်း ရဟန်းသံဃာနှင့် သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပါအဝင် စုစုပေါင်း ၇၈၂၆ ဦး သေဆုံးသွားခဲ့ရသည့် မြန်မာနိုင်ငံမှ အကြမ်းဖက်မှုဖြစ်စဉ်များအတွက်မူ ကမ္ဘာကြီးသည် လျစ်လျူရှု နှုတ်ဆိတ်နေခဲ့သည်။

အထူးသဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့သည် မြန်မာနိုင်ငံဒေသအချို့တွင် *စာမျက်နှာ ၁၁ သို့*




၂၀၀၄ ခုနှစ်က ရုရှားနိုင်ငံမြောက်ပိုင်း Ossetia နယ်ရှိ ဘက်စလန်ကျောင်းအား ချေချင်းညာ ခွဲထွက်ရေးအုပ်စုတစ်စုက အကြမ်းဖက်အပိုင်စီးနင်းမှုကြောင့် ကလေး၊ လူကြီး ၃၀၀ ကျော် သေဆုံးခဲ့ရသည့်ဖြစ်စဉ်။

**"မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်ကိုကြိုဆိုရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ယခုကဲ့သို့ ထူးခြားလေးနက်သော အခါသမယတွင် အကြမ်းဖက်သမားများအနေဖြင့် အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်လာခြင်းဖြစ်"**

# ဆရာ ဆရာမများသည် သင်ခန်းစာများ ပိုင်နိုင်ကျွမ်းကျင်ရုံသာမက သင်ကြားရေးနည်းစနစ်များကို အထူးပိုင်နိုင်ကျွမ်းကျင်ဖို့ လိုအပ်

**မကွေး ဧပြီ ၂၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပုဂ္ဂလိက ဆရာအတတ်ပညာလက်မှတ်သင်တန်း (မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးပညာရေးဒီဂရီကောလိပ်ရှိ ပညာ့ဗိမာန်ခန်းမဥ္စကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပုဂ္ဂလိက ကိုယ်ပိုင်မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများသည် အခြေခံပညာကျောင်းများနည်းတူ ကျောင်းသားကျောင်းသူများ ပညာတတ်မြောက်စေရန်၊ ထူးချွန်ထက်မြက်သူများဖြစ်စေရန်၊ လိမ္မာယဉ်ကျေးဆိုဆုံးမလွယ်သူများဖြစ်စေရန်၊ နောင်တွင် တိုင်းပြည်အတွက် သားကောင်းရတနာများဖြစ်စေရန် လုပ်ဆောင်ပေးရမည့်တာဝန်များ ကိုယ်စီရှိကြကြောင်း၊ ၎င်းတာဝန်များကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ပိုင်ကျောင်းများတွင် သင်ကြားပို့ချပေးနေသော ဆရာ ဆရာမများသည်လည်း သင်ခန်းစာများ ပိုင်နိုင်ကျွမ်းကျင်ရုံသာမက သင်ကြားရေး နည်းစနစ်များကိုလည်း အထူးပိုင်နိုင်ကျွမ်းကျင်ဖို့ လိုအပ်ကြောင်း၊ စည်းလုံးညီညွတ်၍ သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ထူးချွန်ထက်မြက်သော၊ ကျန်းမာကြံ့ခိုင်သော၊ တွေးခေါ်နိုင်စွမ်းရှိသော၊ အကျင့်စာရိတ္တကောင်းမွန်သော၊ နိုင်ငံကြီးသားပီသသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ အတ္တနှင့် ပရမတ္ထသော၊ လူ့ကျင့်ဝတ် လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ နိုင်ငံ၏ အနာဂတ်ပဲ့ကိုင်ရှင်များဖြစ်သည့် ဆရာ ဆရာမများအနေဖြင့်လည်း ယခုသင်တန်းမှ သင်ကြားပို့ချပေးသည်များကို ကြိုးစားသင်ယူ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးက ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်သင်တန်း (မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်) ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ မူလတန်းအဆင့် ဆရာ ဆရာမ ၆၄ ဦး၊ အလယ်တန်းအဆင့် ဆရာ ဆရာမ ၄၉ ဦး စုစုပေါင်း ဆရာ ဆရာမ ၁၁၃ ဦးအား ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ ကာယပညာ၊ ပန်းချီ၊ ဂီတ၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှု၊ စက်မှုလက်မှု၊ ICT၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့်ပြည်သူ့နီတိ စသည့်ဘာသာရပ်များကို ဧပြီ ၂၃ ရက်မှ မေ ၁၀ ရက်အထိ မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# သရက်မြို့၌ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းဖွင့်လှစ်

**သရက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မုံဇလီကျေးရွာရှိ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာပြီးဆုံးသည်အထိ မသင်ကြားခဲ့ရသူ ၁၅ ဦးအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဧပြီ ၂၂ ရက်တွင် သွားရောက်ကြည့်ရှုကာ ဗလာစာအုပ်နှင့်ခဲတံများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ စာတတ်မြောက်ရေးလုပ်ငန်းကို စာမတတ်သူများပညာရေးနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာတတ်မြောက်စေရန် ရည်ရွယ်၍ မြှင့်တင်သင်ကြားနေခြင်းဖြစ်ပြီး သရက်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၄ ရွာတွင် စာသင်ဝိုင်း ၂၄ ဝိုင်း၊ လူဦးရေ ၃၆၂ ဦးအား နည်းပြ ၂၄ ဦး၊ ကြီးကြပ်သူ လေးဦး၊ အဆင့်မြင့် ကျောင်းသားနှစ်ဦး စုစုပေါင်း ၃၀ တို့က ဧပြီ ၆ ရက်မှ မေ ၁၅ ရက်အထိ ရက်ပေါင်း ၄၀ ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

**ဖြစ်ပွားနေသော အကြမ်းဖက်လုပ်ရပ်များကို အကြမ်းဖက်လုပ်ရပ်အဖြစ် မရှုမြင်ခဲ့ကြချေ။ အတိတ်ကာလတွင်လည်း ၎င်းတို့သည် ကိုယ်ကျိုးစီးပွားအပေါ်မူတည်၍ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လိုတစ်မျိုး၊ မလိုတစ်မျိုး အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိကြသည်။**

အာဖဂန်နစ္စတန်တွင် ဆိုဗီယက်တို့ကို တိုက်ခိုက်စဉ်က တာလီဘန်နှင့် အယ်လ်ကေဒါအဖွဲ့များကို အမေရိကန်က အာဖဂန်မူဂျာဟစ် (ဘာသာရေးစစ်သည်များ)ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ပြီး ထောက်ခံအားပေးခဲ့ကြသည်။ အာဖဂန်တွင် ဆိုဗီယက်များထွက်ခွာပြီးနောက်ပိုင်း အိုစမာဘင်လာဒင်က ၉/၁၁ တိုက်ခိုက်မှုအပါအဝင် အမေရိကန်၏ အကျိုးစီးပွားများကို တိုက်ခိုက်လာသည့်အခါတွင်မူ Terrorism ဟု ဆိုပြန်သည်။ ထို့ကြောင့် Terrorism အကြောင်းကို လေ့လာသူ စာရေးဆရာတစ်ဦးက Terrorist ဆိုသည်မှာ ကြည့်သောသူအပေါ် မူတည်သည်ဟု ဆိုခဲ့ခြင်းဖြစ်မည်။

မည်သို့ဆိုစေ နိုင်ငံရေးကြောင့်လည်းကောင်း၊ ဘာသာရေးကြောင့်လည်းကောင်း၊ လူမျိုးရေးကြောင့်လည်းကောင်း၊ သဘောတရားရေးကြောင့်လည်းကောင်း အပြစ်မဲ့ပြည်သူလူထုကို ပစ်မှတ်ထားပြီး ကြောက်လန့်စေရန်၊ ချောက်ချားစေရန် ရည်ရွယ်၍ အကြမ်းဖက်နည်းလမ်းဖြင့် ဖန်တီးလုပ်ဆောင်မှုမှန်သမျှကို အကြမ်းဖက်မှုတစ်ရပ်အဖြစ် ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများက သတ်မှတ်ထားသည်။

**အကြမ်းဖက်မှုပြဿနာသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်မှုလာ**

၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှအစပြု၍ ၂၀၀၁ ခုနှစ်နောက်ပိုင်း ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုဖြစ်စဉ်များ မကြုံစဖူး အများအပြားပေါ်ပေါက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် လူပေါင်း ၆၀ ခန့်သေဆုံးခဲ့ပြီး ၇၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြသည့် လန်ဒန်မြို့လယ် မြေအောက်ရထားနှင့် နှစ်ထပ်ဘတ်စ်ကား ဗုံးဖောက်ခွဲမှုဖြစ်စဉ်နှင့် ၂၀၀၈ ခုနှစ် မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များအပါအဝင် ကမ္ဘာ့အနှံ့အပြားတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုပြဿနာသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာခဲ့သည်။

**အပြန်အလှန်လက်စားချေ တိုက်ခိုက်မှုများ တစ်ကျော့ပြန်ခေါင်းထောင်လာ**

ယနေ့ မျက်မှောက်ကာလတွင်လည်း ရုရှား-ယူကရိန်းစစ်ရေး ပဋိပက္ခ၊ အစ္စရေး၏ ဂါဇာကမ်းမြောင်ဒေသစစ်ဆင်ရေးနှင့် ယခုလတ်တလော အီရန်-အစ္စရေး ထိပ်တိုက်ရင်ဆိုင်မှုများအပါအဝင် ကမ္ဘာကြီးသည် ဆူပွက်နေသည်။ ထိပ်တိုက်ရင်ဆိုင်မှုများ၊ နာကြည်းမုန်းတီးမှုများ၊ အပြန်အလှန်လက်စားချေ တိုက်ခိုက်လိုမှုများနှင့်အတူ ယနေ့ကမ္ဘာတွင် အကြမ်းဖက်မှုများ တစ်ကျော့ပြန်ခေါင်းထောင်လာမည့်အခြေအနေဖြစ်လာသည်။

> ❒ **အထူးသဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့သည် မြန်မာနိုင်ငံဒေသအချို့တွင် ဖြစ်ပွားနေသော အကြမ်းဖက်လုပ်ရပ်များကို အကြမ်းဖက်လုပ်ရပ်အဖြစ် မရှုမြင်ခဲ့ကြချေ။ အတိတ်ကာလတွင်လည်း ၎င်းတို့သည် ကိုယ်ကျိုးစီးပွားအပေါ်မူတည်၍ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လိုတစ်မျိုး၊ မလိုတစ်မျိုး အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ဆိုလေ့ရှိကြ**
>
> ❍ **လူခြောက်ဦးကို ဓားဖြင့်ထိုးသတ်ခဲ့သော ဆစ်ဒနီမြို့ ဈေးဝယ်စင်တာဖြစ်ရပ်အပေါ် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်ဘာနီစ်က "အဆိုပါဖြစ်ရပ်မှာ စကားလုံးဖြင့်ဖော်ပြရန် မလွယ်ကူကြောင်း၊ ယင်းဖြစ်ရပ်မှာ သာမန်အပြစ်မဲ့ ဈေးဝယ်သူများကို ပစ်မှတ်ထားကာတိုက်ခိုက်ခဲ့သော ကြောက်မက်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှု"ဟု ပြောကြားခဲ့သော်လည်း နှစ်နှစ်ကျော် သုံးနှစ်ကာလအတွင်း ရဟန်း သံဃာနှင့် သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပါအဝင် စုစုပေါင်း ၇၈၂၆ ဦး သေဆုံးသွားခဲ့ရသည့် မြန်မာနိုင်ငံမှ အကြမ်းဖက်မှုဖြစ်စဉ်များအတွက်မူ ကမ္ဘာကြီးသည် လျစ်လျူရှု နှုတ်ဆိတ်နေခဲ့**

**အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့သည် အကြမ်းဖက်လုပ်ရပ်ကို အကြမ်းဖက်လုပ်ရပ်အဖြစ် မရှုမြင်နိုင်သေးသမျှ အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်မှုအန္တရာယ်သည် ယနေ့ကမ္ဘာကို ထပ်မံခြိမ်းခြောက်လာနိုင်သည်။ မည်သည့်နိုင်ငံတွင် ဖြစ်ပွားသည့် မည်သည့် အကြမ်းဖက်မှုလုပ်ရပ်မှန်သမျှကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် မရှုမြင်ဘဲ ဓမ္မဓိဋ္ဌာန်အားဖြင့် အကြမ်းဖက်မှုကို အကြမ်းဖက်မှုအဖြစ်သာ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပါမှ အကြမ်းဖက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်ပေလိမ့်မည်။**

ထို့အတူ မြန်မာပြည်သူများအနေဖြင့်လည်း ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားအရေးကိစ္စတို့နှင့် အကြမ်းဖက်မှုလုပ်ရပ်တို့အပေါ် ကွဲကွဲပြားပြား ရှုမြင်သုံးသပ်ကာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ငြိမ်းချမ်းသာယာ ဝပြောရေးအတွက် အကြမ်းဖက်မှုလုပ်ရပ်မှန်သမျှကို ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ခြင်းဖြင့် အကြမ်းဖက်မှုအန္တရာယ်ကို တားဆီးကာကွယ်ကြရန် လိုကြောင်းတင်ပြလိုက်ရပါသည်။ ။

❖ ❖ ❖

# ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ရှင်အပါး ၁၀၀ ရှင်ပြု အလှူတော်မဟာမင်္ဂလာပြုလုပ်

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ရှင်အပါး ၁၀၀ ရှင်ပြုအလှူတော်မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မိုင်းခွန်ထေရဝါဒဗုဒ္ဓ သာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့်တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံသရာအေးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မိုင်းခွန်ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက် သာသနာပြုဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသရက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ သာသနာ့ဝေပုလ္လကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ သာဓုအနုမောဒနာတရားနာယူ ကြည်ညိုကြပြီး လှူဒါန်းမှု အစုစုတို့အတွက်



ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအား အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ပိုင်ဆိုင်မှု တတိယနေရာတွင် ရပ်တည်နေ

**ရန်ကုန် မေ ၂၃**

ကမ္ဘာကြီးပူနွေးလာမှုမှ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ရှင်သန်ဖွံ့ဖြိုးမှုနှင့် လူနှင့်ရပ်ပတ်ဝန်းကျင်ကို သဘာဝဘေးမဲ့တောများနှင့် အမျိုးသားဥယျာဉ်များက အကျိုးပြုလျက်ရှိရာ အမျိုးသားဥယျာဉ်များကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် အာဆီယံအမျိုးသားဥယျာဉ်များ ပိုင်ဆိုင်မှု တတိယနေရာတွင် ဂုဏ်ယူဖွယ် ရပ်တည်လျက်ရှိကြောင်း သိရသည်။



ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှ ရေခဲတောင်အလှကိုတွေ့ရစဉ်။

### အထောက်အကူပြု

အာဆီယံအမွေအနှစ်ဥယျာဉ်များကို ဘရူနိုင်းနိုင်ငံတွင် တစ်ခု၊ လာအိုနိုင်ငံတွင် တစ်ခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်ခု၊ စင်ကာပူနိုင်ငံတွင် နှစ်ခု၊ မလေးရှားနိုင်ငံတွင် သုံးခု၊ ထိုင်းနိုင်ငံတွင် ခြောက်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ခုနစ်ခု၊ မြန်မာနိုင်ငံတွင် ရှစ်ခု၊ ဖိလစ်ပိုင်နိုင်ငံတွင် ကိုးခုနှင့် ဗီယက်နမ်နိုင်ငံတွင် ၁၀ ခုတို့အသီးသီး ပိုင်ဆိုင်ထားကြပြီး အာဆီယံအသိုက်အဝန်းအနေဖြင့် အာဆီယံအမျိုးသားဥယျာဉ် ၄၉ ခုကို ပိုင်ဆိုင်ထားရာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလည်း အထောက်အကူပြုလျက်ရှိသည်။

"ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဟာ ဇီဝမျိုးစုံမျိုးကွဲနဲ့ တောတောင်တွေ ရှင်သန်မှုအပေါ်မှာ မူတည်ပါတယ်။ အထူးသဖြင့် သဘာဝသယံဇာတတွေကို ထိန်းသိမ်းလိုတဲ့ ဦးဆောင်တဲ့စိတ်လည်း လိုတယ်။ ထုတ်ယူသုံးစွဲတဲ့အဆင့်မှာဆိုရင် ဥပဒေ၊ နည်းဥပဒေကို လေးစားလိုက်နာပြီး စနစ်တကျထုတ်ယူသုံးစွဲမှုနဲ့ ပြန်လည်ထိန်းသိမ်းမှု၊ ဖြည့်စွက်ပျိုးထောင်မှုလည်း လိုပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်မှုဟာ အဓိကပါ။ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသားဥယျာဉ်တွေဟာ အာဆီယံအတွက်သာမဟုတ်ပါဘူး။ ကမ္ဘာကြီးအတွက်ပါ အရေးပါ ပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို ကာကွယ်စောင့်ရှောက်ရာမှာ Green Economy နဲ့ Blue Economy တိုက်ရိုက်အကျိုးပြုတဲ့အပြင် နိုင်ငံရဲ့ ဘူမိရုပ်သွင်နဲ့ ရာသီဥတုမျှတမှုကိုလည်း အထောက်အကူပြုစေပါတယ်။ သဘာဝကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းဆိုရင် ခရီးသွားတွေဟာ အဏ္ဏဝါ၊ ကုန်းမြေနဲ့ ရေခဲတောင်တန်းတွေ စတဲ့ စိတ်ဝင်စားမှုအမျိုးမျိုးရှိပါတယ်။ အဲဒီလိုခရီးစဉ်တွေထဲက စိတ်ဝင်စားခံရတဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်းပါတယ်။ မြန်မာနိုင်ငံဟာ သဘာဝကပေးထားတဲ့ အမွေအနှစ်တွေပြည့်နေတဲ့ နိုင်ငံတစ်နိုင်ငံဆိုရင်လည်း မမှားပါဘူး" ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ သဘာဝအလှကိုတွေ့ရစဉ်။

### ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အာဆီယံနိုင်ငံများနှင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့သည့်နည်းတူ ဒေသတွင်းရှိ အမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကြွယ်ဝရေးကို NGOs အသင်းအဖွဲ့များ၊ ဒေသခံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရုပ်သွင်ထူးသည့်နယ်မြေ၊ ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတို့ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအမျိုးအစားများ ခွဲခြားကာ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု တည်ထောင်ထားရှိပြီး နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းအထိ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖော်ဆောင်ထားရှိသည်။

"နိုင်ငံတော်အနေနဲ့လည်း မူဝါဒ၊ ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေတာရှိတယ်။ သစ်တောဆိုရင် နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ ကြိုးဝိုင်းကြိုးပြင်တောတွေ ကာကွယ်ဖို့နဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေဆိုရင် နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်း တည်ထောင်ဖို့ဆိုပြီး ရည်မှန်းချက်ထား ဆောင်ရွက်နေတာရှိတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို တည်ထောင်ထားတာဆိုရင် ၆ ရာခိုင်နှုန်းကျော်ရှိနေပါပြီ။ အမျိုးသားဥယျာဉ်တွေ ရှင်သန်ဖွံ့ဖြိုးနေမယ်ဆိုရင် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုတဲ့အပြင် ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာရရှိစေမှာပါ။ အာဆီယံနိုင်ငံတွေမှာ မြန်မာနိုင်ငံဟာ အမျိုးသားဥယျာဉ်တည်ထောင်ထားရှိမှု တတိယနေရာမှာ ရပ်တည်နေတာကြောင့် အဏ္ဏဝါဖြစ်စေ၊ ရေချိုအိုင်ဖြစ်စေ၊ သဘာဝဘေးမဲ့တောဖြစ်စေ၊ ရေခဲတောင်ဒေသဖြစ်စေ ရေရှည်တည်တံ့ဖို့အတွက် အားလုံးပူးပေါင်းထိန်းသိမ်းသွားဖို့ လိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြန်မာနိုင်ငံက အမျိုးသားဥယျာဉ်တွေ ထိခိုက်မှုအနည်းဆုံးနဲ့အဆင့်မှာ ရှိနေသေးလို့ပါ" ဟု ၎င်းက ဖြည့်စွက်ပြောသည်။

အာဆီယံဒေသအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းတို့တွင် ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရန် ဂေဟစနစ်၊ မျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ ထူးခြားစွာတည်ရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများကို အာဆီယံအမွေအနှစ်ဥယျာဉ်များ (ASEAN Heritage Parks – AHPs) အဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**ခတ်ပုံ – ဖွဲ့မာန်၊ သစ္စာ(mna)**

❑ *ကျောဖုံးမှ*

ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

ယခုအခါ ဆင်ဖြူတော်လေးသည် အသက် ၁ နှစ် ၉ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၁ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၈ လက်မ၊ ကိုယ်အလေးချိန် ၁၂၉၃ ပေါင် ရှိလာကြောင်း၊ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆွန်ခရမ်ပွဲတော်ရာသီအတွင်း နိုင်ငံခြားခရီးသွား ၁ ဒသမ ၉ သန်း ထိုင်းနိုင်ငံသို့ လာရောက်

**ဘန်ကောက် ဧပြီ ၂၃**

ဧပြီ ၁ ရက်မှ ၂၁ ရက်အထိ ကျင်းပသော ဆွန်ခရမ်ပွဲတော်အတွင်း ထိုင်းနိုင်ငံက နိုင်ငံခြားခရီးသွား ၁ ဒသမ ၉၂ သန်းကို ကြိုဆိုခဲ့သည်။ ပွဲတော်အတွင်း လာရောက်ခဲ့သော ခရီးသွားအရေအတွက်သည် လွန်ခဲ့သောနှစ်ကထက် ၃၇ ဒသမ ၅၄ ရာခိုင်နှုန်း တိုးလာခဲ့သည့်အတွက် နိုင်ငံ၏ အဓိက ခရီးသွားကဏ္ဍကို တိုးတက်စေခဲ့ကြောင်း ဧပြီ ၂၃ ရက်က ထုတ်ပြန်လိုက်သော တရားဝင်စာရင်းဇယားများအရ သိရသည်။

ထိုင်းခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၁ ရက်ကြာ ပွဲတော်ရာသီတွင် ဘတ် ၁၄၀ ဒသမ ၃၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈ ဘီလီယံ) ရရှိစေမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာခရီးသွားများသည် အဆိုပါပွဲတော်ကို နှစ်ခြိုက်သဘောကျကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ ပွဲတော်ရာသီအတွင်း တရုတ်ခရီးသွားအများဆုံး ထိုင်းနိုင်ငံသို့ လာရောက်ခဲ့ပြီး လွန်ခဲ့သောနှစ်ထက် ၈၉ ဒသမ ၁၆ ရာခိုင်နှုန်းတိုးလာခဲ့သည်။ စုစုပေါင်း တရုတ်ခရီးသွား ၃၉၅၈၃၀ လာရောက်ခဲ့သည်။ မလေးရှားနိုင်ငံမှ ၂၉၈၂၆၃ဦး၊ အိန္ဒိယနိုင်ငံမှ ၁၁၄၃၃၀၊ ရုရှားနိုင်ငံမှ ၁၀၄၅၃၈ဦး၊ တောင်ကိုရီးယားနိုင်ငံမှ ၈၄၅၃၉ ဦး လာရောက်ခဲ့ကြောင်း ထိုင်းခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဗီဇာကင်းလွတ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းကဲ့သို့သော ခရီးသွားကဏ္ဍဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်မှုများကြောင့် ယခုလို ခရီးသွားအရေအတွက် မြင့်တက်လာခြင်းဖြစ်သည်။ မတ် ၁ ရက်မှ စတင်သက်ရောက်ခဲ့သော အပြန်အလှန်ဗီဇာကင်းလွတ်ခြင်းသဘောတူညီချက်ကြောင့် တရုတ်နှင့် ထိုင်းနိုင်ငံအကြား ယုံကြည်မှုများ အပြန်အလှန်တိုးတက်လာခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



လွန်ခဲ့သောနှစ်က ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ဆွန်ခရမ်ပွဲတော်ကို ထိုင်းနှစ်သစ်ကူး ရိုးရာပွဲတော်အဖြစ် ထည့်သွင်းခဲ့သည်။ အဆိုပါပွဲတော်သည် ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ ဖြစ်သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံက လူလိုက်ပါ အာကာသယာဉ်လွှတ်တင်ရန် အဆင်သင့်ဖြစ်

**ကျိုချွမ် ဧပြီ ၂၃**

Shenzhou-18 လူလိုက်ပါ အာကာသယာဉ် မလွှတ်တင်မီ ၎င်း၏ နောက်ဆုံးပူးတွဲလေ့ကျင့်မှုမှာ ဧပြီ ၂၃ ရက်တွင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။



ဒုံးပျံနှင့် အာကာသယာဉ်သည် လျှပ်စစ်ဆိုင်ရာစွမ်းဆောင်ရည် စမ်းသပ်မှု ပြီးမြောက်ခဲ့ကြောင်း၊ အာကာသယာဉ်မှူးများနှင့် လွှတ်တင်မည့်နေရာရှိ စနစ်အားလုံးမှာ လွှတ်တင်ရေးလေ့ကျင့်မှု ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း၊ အရာအားလုံးကောင်းမွန်ကြောင်း သိရသည်။

ဧပြီလသည် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာ၌ လေတိုက်မှု အပြင်းထန်ဆုံးလဖြစ်သည့်အတွက် မိုးလေဝသတာဝန်ရှိသူများသည် လွှတ်တင်ရေးစင်တာ၌ လွန်ခဲ့သည့် ၁၀ နှစ်အတွင်းက ဧပြီလ၏ လေတိုက်နှုန်းအချက်အလက်ကို ဆန်းစစ်ခဲ့သည်။

Shenzhou-18 လူလိုက်ပါ အာကာသယာဉ်နှင့် လောင်းမာ့ချ် - ၂ အက်ဖ် သယ်ဆောင်ရေးဒုံးပျံတို့ကို ပေါင်းစပ်ကာ လွှတ်တင်မည့်နေရာသို့ ရွှေ့ပြောင်းပြီးဖြစ်ကြောင်း တရုတ်လူလိုက်ပါ အာကာသအေဂျင်စီ (စီအမ်အက်စ်အေ) က ဧပြီ ၁၇ ရက်တွင် ပြောသည်။

ယင်းအာကာသယာဉ်ကို လာမည့်ရက်များအတွင်း လွှတ်တင်သွားမည်ဖြစ်ကြောင်း စီအမ်အက်စ်အေက ပြောသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်များ မြင့်တက်မည်

**တိုကျို ဧပြီ ၂၃**

ဂျပန်နိုင်ငံတစ်ဝန်း မေလမှ ဇူလိုင်လအထိ သာမန် ပျမ်းမျှအပူချိန်ထက် ပိုမိုမြင့်မားမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောကြားလိုက်သည်။

မိုးလေဝသဌာနက ဧပြီ ၂၃ ရက်တွင် သုံးလစာ ကြိုတင်ခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကာလအတွင်း လေပူများသည် နိုင်ငံတစ်ဝန်း လွှမ်းခြုံဖြန့်ကြက်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

အပူချိန်သည် ဂျပန်နိုင်ငံမြောက်ပိုင်းတွင် သာမန်ပျမ်းမျှမှ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့်အနောက်ပိုင်းတွင်လည်း အပူချိန်ပို၍ မြင့်တက်လာမည်ဖြစ်ကြောင်း ထို့အတူ အိုကီနာဝါနှင့် အာမာမီဒေသများတွင်လည်း အပူချိန်များ မြင့်တက်လာမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ဆက်လက်ခန့်မှန်းထားသည်။

အခြားအခြေအနေများအပေါ်မူတည်၍ အပူချိန်သည် မေလနှင့် ဇွန်လအတွင်း ၃၀ ဒီဂရီ ဆဲလ်စီးယပ်အထိ ရောက်ရှိမည်ဖြစ်ကြောင်း အေဂျင်စီက ဆက်လက်ပြောထားသည်။

အင်န်အိတ်ချ်ကေ

# နိုင်ဂျာနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်စီစဉ်နေ

**ဝါရှင်တန် ဧပြီ ၂၃**

အမေရိကန်ပြည်ထောင်စုသည် နိုင်ဂျာနိုင်ငံမှ ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းသွားရန် စီစဉ်နေကြောင်း ပြောကြားလိုက်သည်။

ဆာဟာရသဲကန္တာရ တောင်ဘက် ဆာဟဲလ်ဒေသတွင် အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ဂျာနိုင်ငံတွင် အမေရိကန်ပြည်ထောင်စုက တပ်ဖွဲ့ဝင် ၁၁၀၀ ခန့်ကို ဖြန့်ကြက်ချထားခြင်းဖြစ်သည်။

အဆိုပါ တပ်ဖွဲ့များကို အိုင်အက်စ်နှင့်အခြား အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်ထောက်လှမ်းနိုင်ရန် တာဝန်ပေးအပ်ထားကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ဂျာနိုင်ငံတို့သည် နိုင်ဂျာနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ စနစ်တကျရုပ်သိမ်းရေးအတွက် ဆွေးနွေးမှုများ စတင်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ပြန်ကြားရေး တာဝန်ခံ ပတ်ရိုက်ဒါ(ယာပုံ)က ဧပြီ ၂၂ ရက်တွင် သတင်းထောက်များကို ပြောသည်။



သို့သော်လည်း နိုင်ဂျာနိုင်ငံမှ အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်အချိန်ကို တိတိကျကျဖော်ပြထားခြင်း မရှိပေ။ နိုင်ဂျာနိုင်ငံနှင့် အနောက်နိုင်ငံများ၏ဆက်ဆံရေးသည် ပြီးခဲ့သည့်နှစ်နောက်ပိုင်းမှ စတင်ကာ ဆိုးရွားလာခဲ့သည်။ ပြီးခဲ့သည့်နှစ်တွင် နိုင်ဂျာနိုင်ငံမှ ပြင်သစ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် ဆုံးဖြတ်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး ထွက်ပေါ်လာခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ တစ်ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၃၄၃ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဧပြီ ၂၃**

စင်ကာပူနိုင်ငံ၌ ဧပြီ ၁၄ ရက်မှ ၂၀ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ၃၄၃ ဦး ထပ်မံတွေ့ရှိခဲ့သောကြောင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း ၆၂၃၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အမျိုးသားပတ်ဝန်းကျင်ရေးရာအေဂျင်စီ (အင်န်အီးအေ)၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုနှစ် အစပိုင်းကတည်းက အဆိုပါ မြို့ပြနိုင်ငံတွင် အပတ်စဉ် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ၃၀၀ နှင့် အထက်ရှိနေသေးကြောင်း အင်န်အီးအေက ပြောသည်။ စင်ကာပူနိုင်ငံ၌ ပထမသုံးလပတ်ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ယခင်နှစ်အလားတူနှင့် နှိုင်းယှဉ်ပါက နှစ်ဆမြင့်တက်လာကြောင်း သိရသည်။ စင်ကာပူနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ



# ဖိလစ်ပိုင်မြို့တော် လူနေရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး

**မနီလာ ဧပြီ ၂၃** - ဖိလစ်ပိုင်မြို့တော် လူနေရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း မီးအန္တရာယ်ကာကွယ်ရေးဗျူရိုက မကြာသေးမီက ပြောကြားလိုက်သည်။ မီးလောင်ကျွမ်းမှုသည် ဧပြီ ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း အဆိုပါဗျူရိုက ပြောကြားခဲ့သည်။ အခြားဒေသခံငါးဦးမှာ မီးလောင်မှုကြောင့် ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့်ဒဏ်ရာရရှိသူများထဲတွင် အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးနှင့် ၅၅ နှစ်အရွယ် အမျိုးသမီးနှစ်ဦးတို့ ပါဝင်ခဲ့ကြောင်း၊ မီးသတ်သမားလေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဗျူရိုက ဆက်လက်ပြောကြားသည်။ လောင်ကျွမ်းခဲ့သော မီးကို နှစ်နာရီကြာ ကြိုးစားငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

# ၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ မေ ၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး စုစုပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဧပြီ ၂၃**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ မေ ၇ ရက် တွင် စတင်ကျင်းပမည် ဖြစ်ပြီး အသင်းစုစုပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ မြဝတီအသင်းအပါအဝင် အား / ကာသိပ္ပံအသင်း၊ သစ္စာ အားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ ဧရာဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် မေ ၇ ရက်တွင် ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ စလင်းကွင်း၌ ဧရာဝတီအသင်းနှင့် သစ္စာအားမာန်အသင်း၊ မေ ၈ ရက်တွင် စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် အား / ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ပထမ အကျော့ပွဲစဉ်များကို မေ ၇ ရက်မှ ဇွန် ၁၁ ရက်၊ ဒုတိယအကျော့ ပွဲစဉ်များကို ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၂၀ ရက်၊ တတိယအကျော့ ပွဲစဉ်များကို စက်တင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ကျင်းပမည် ဖြစ်သည်။



မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ကို ခြောက်ရာသီမြောက် ကျင်းပ ခြင်းဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် ငါးကြိမ်တွင် မြဝတီအသင်းက သုံးကြိမ်နှင့် အား/ကာသိပ္ပံအသင်း က နှစ်ကြိမ် ချန်ပီယံဆု ရရှိ ထားသည်။ နောက်ဆုံးကျင်းပ သည့် ၂၀၂၃ ရာသီတွင် မြဝတီ အသင်း ချန်ပီယံဆု ရရှိထား သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှု ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလမှ ဇူလိုင်လအတွင်း မွေးမြူရေး (ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါ ကျရောက်မှုကြောင့် သက်ငယ်ပျားများ (Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါ ကျရောက်မှုမှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင်လများတွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့်နေရာများတွင် ချထားမွေးမြူရန်။
(ခ) ကပ်ပါးမွှားရောဂါကင်းစင်ရေး ဆောင်ရွက်ရန်။
(ဂ) ပျားသောက်ရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ရန်။
(ဃ) ပျားအုံများ လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ရန်။
(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။
(စ) သကြားနှင့်ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့် ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။
(ဆ) ပျားသလက်ဘောင်အသစ်များဖြင့် မွေးမြူနိုင်ရေး ဆောင်ရွက်ရန်။
(ဇ) ရောဂါကျရောက်ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

○ *ကျော်ဖုံးမှ*

၁၇ မှတ်ပြတ် ဦးဆောင်ကာ ပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုတွင် ဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ပရိသတ် ၇၅၀၀၀ ကျော်လာရောက်ကြည့်ရှုသော အဆိုပါ ပွဲစဉ်တွင် အနီကတ် သုံးကတ်ပြသခဲ့ရသည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ အေစီမီလန်အသင်းအတွက် သွင်းဂိုးကို တိုမိုရီက သွင်းယူပေးပြီး အင်တာမီလန်အသင်းအတွက် သွင်းဂိုးများကို အက္ကာဘီနှင့် သူရမ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီတွင် စီးရီးအေ အမှတ်ပေးဖလားကို အကြိမ် (၂၀) မြောက် ဆွတ်ခူးရရှိခဲ့သည့်အတွက် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်း (၁၉) ကြိမ်ထက် သာလွန်ခဲ့ပြီလည်း ဖြစ်သည်။

ထို့ပြင် အင်တာမီလန်အသင်းသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဒုတိယအကြိမ်မြောက် အမှတ်ပေးဖလား ဆွတ်နိုင်ခြင်းဖြစ်ပြီး နောက်ဆုံး ဖလားဆွတ်ခူးထားသည်မှာ ၂၀၂၁ ခုနှစ်က အန်တိုနီယိုကွန်တီလက်ထက် တွင် ဖြစ်သည်။ အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီတွင် တိုက်စစ် ထက်မြက်ပြီး ခံစစ်တည်ငြိမ်မှုနှင့်အတူ ပုံမှန်ခြေစွမ်းပြသထားနိုင်သည့် အသင်းဖြစ်ပြီး စီးရီးအေ ၃၃ ပွဲအပြီးတွင် ရဂိုး ၇၉ ဂိုးအထိရှိကာ ပေးဂိုးက ၁၈ ဂိုးသာ ခွင့်ပြုပေးထားရသည်။ **အောင်ဇော်**

## မြင်းခြံမြို့မှ ကျေးရွာငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံ မြို့နယ်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံ ရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက ဆင်ချောင်းကျေးရွာ၊ ရန္တပို ကျေးရွာ၊ ကိုင်းကျေးရွာ၊ ညောင်တို ကျေးရွာတို့ကို ဧပြီ ၂၁ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ မီးရှို့ဖျက်ဆီးမှုကြောင့် အိမ်ခြေ ၃၀၀ ကျော် ပျက်စီးခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထား သည့် သတင်းတု၊ သတင်းမှား များကို တရားမဝင်ပြည်ဖျက် မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှု ကွန်ရက် စာမျက်နှာများတွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိ ရသည်။

ဖြစ်စဉ်အမှန်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက မြင်းခြံ မြို့နယ်အတွင်းရှိ အဆိုပါကျေးရွာ များမှ ငွေကြေးနှင့် စားနပ်ရိက္ခာ များ ကောက်ခံခြင်း၊ ဒေသခံ ပြည်သူများကို အတင်းအဓမ္မလူ သစ်စုဆောင်းခြင်းနှင့် မတရား ဖမ်းဆီး နှိပ်စက်နေကြောင်း အကြမ်းဖက် လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူ တစ်ဦး၏ သတင်းပေးပို့မှုအရ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပါဝင် သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင် များက ၎င်းကျေးရွာများအနီးသို့ သွားရောက်၍ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ များအတွင်းမှ လက်လုပ်လက်နက် ကြီးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ကျေးရွာများအတွင်းရှိ ဒေသခံ ပြည်သူများကို လူသားတံတိုင်း အဖြစ်အကာအကွယ်ပြုတိုက်ခိုက် ခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ ဒေသခံ နေအိမ်များကို မီးရှို့ထွက်ပြေးသွား ခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိ ရသည်။

မန္တလေး တိုင်းဒေသကြီး အတွင်းရှိ မြို့ရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်ပြီး အကြမ်းဖက်လုပ်ရပ် များ လုပ်ဆောင်ခြင်းမရှိစေရန် အတွက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့




ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို တရား မဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ ဖြင့် ပြည်သူများ ကြောက်ရွံ့ ထိတ်လန့်စေရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်တို့အတွက် ရည်ရွယ် ချက်ရှိရှိ လုပ်ကြံရေးသားခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင် သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင် ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိ ပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ သည့် “Ko Ko Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၀)ရပ်ကွက် နေ ကိုကိုအောင်အား ည ၁၁ နာရီ ၂၅ မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့်အဆောက်အဦများ အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်

## ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ယမန်နေ့ညနေပိုင်းက ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် အစိုးရအဆောက်အဦများ အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်ကြောင့် ပန်းတောင်းမြို့နယ် မင်းရပ်ရပ်ကွက်၊ ဝန်လိုရပ်ကွက်၊ သရက်လိန်ကျေးရွာအုပ်စု၊ စွယ်တော်ကျေးရွာအုပ်စု၊ ရွှေညီနောင်ကျေးရွာအုပ်စု၊ ဒေါင်းမြတ်နားကျေးရွာအုပ်စုနှင့် နတ်မောက်ကျေးရွာအုပ်စုတို့တွင် နေအိမ်သုံးလုံးပြိုကျခဲ့ပြီး နေအိမ် ၁၁၅ လုံး၊ စာသင် ကျောင်းနှစ်ကျောင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း အမိုးလန်ပျက်စီးဆုံးရှုံးခြင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားရုံ၏ မှန်အနည်းငယ်ကွဲခြင်း၊ အားကစားရုံ (အထူးတန်းပွဲကြည့်စင်) အမိုး ငါးချပ်လန်ခြင်း၊ ဝန်ထမ်းအိမ်ရာမျက်နှာကြက်တချို့ ကွာကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နေအိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**





## ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သင့ှား ကျေးရွာတွင် ယနေ့ ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၃ လုံး၊ စာသင်ကျောင်း တစ်ကျောင်း(**အပေါ်ပိုင်း**)နှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း၊ လေဘေးသင့်ပြည်သူများ ယာယီနေထိုင်စားသောက်ရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က နီးစပ်ရာဆွေမျိုးသားချင်းများနှင့်ညှိနှိုင်း၍ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧပြီ ၂၂ ရက် ညနေပိုင်းက ရုတ်တရက် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ဒုရင်ဒုဘိုကျေးရွာအုပ်စု၊ မြို့မကျေးရွာအုပ်စု ၊ နွားမယံကျေးရွာအုပ်စု၊ ဇယ်မကျေးရွာအုပ်စုနှင့် ထန်းကုန်းကျေးရွာအုပ်စုတို့တွင် နေအိမ် ငါးလုံးပြိုကျခဲ့ပြီး ၂၈ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ ရုတ်တရက် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ဒုရင်ဒုဘိုကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာတွင် နေအိမ်သုံးလုံးပြိုကျပြီး ၁၁ လုံး အမိုးလန်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ဆင်ရှင်ကျေးရွာတွင် နေအိမ် နှစ်လုံး အမိုးလန်၊ နွားမယံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ သုံးရွာတွင် နေအိမ်ရှစ်လုံး အမိုးလန်၊ ထန်းကုန်းကျေးရွာအုပ်စု၊ ထန်းကုန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာနှင့် ဝါးတောသာကျေးရွာတို့တွင် နေအိမ်နှစ်လုံး ပြိုကျပြီး ခုနစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါနေအိမ်များရှိ အိမ်ထောင်စုများအား ယာယီနေထိုင်နိုင်ရေး၊ အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးမှ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရရှိမှုမရှိကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာနှင်းဆီအိမ်ရာတွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၁) ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်(1A)၊ ၁၃လွှာ၊ အခန်း(၀၄)တွင် ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီ ၃၉ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ အရှေ့ပိုင်းခရိုင် မီးသတ်စခန်းမှ မီးသတ်ယာဉ် လေးစီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် လေးစီး၊ သာကေတမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ ခန့်ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ မီးပူတိုက်စဉ် မီးပြတ်သွား၍ လျှပ်စစ်ပလတ်ထိုးထားခဲ့သည့် မီးပူကို ထောင်ထားခဲ့ပြီး မီးခလုတ်အားမပိတ်ခဲ့ဘဲအပြင်သို့ ထွက်သွားစဉ်တိုက်၏မီးစက်မှ မီးပေးချိန်တွင် မီးပူအပူလွန်ကဲ၍ အနီးရှိအဝတ်များသို့ကူးစက်ရာမှ စတင်လောင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် (၁၀ x ၁၀ ) ပေ အိပ်ခန်း တစ်ခန်းနှင့် ပစ္စည်းများဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# မင်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**အထက်မင်းလှ ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ဧပြီ ၁၂ ရက်နှင့် ၁၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်ကျေးရွာများမှ တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် ၃၅ လုံးအတွက် မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများကိုယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်နီလာဦးက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် နေအိမ် ၃၅ လုံးအတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိတို့က အိမ်ဆောက်ပစ္စည်းတန်ဖိုး ၁၁၈၀၀၀၀ နှင့် ဆန်ရိက္ခာဖိုး ၃၀၆၆၀၀ စုစုပေါင်း ၁၄၈၆၆၀၀ တို့ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများထံထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့်ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နွေရာသီနှင့် အပူဒဏ်ကာကွယ်နိုင်ရေး

မောင်သောင်းဝင်း (တမန်ဟောင်း)

နိုင်ငံတစ်ဝန်း၌ မတ်လနှောင်းပိုင်းကတည်းက အပူချိန်တရိပ်ရိပ်မြင့်တက်လာလျက်ရှိသည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် တချို့သော ဒေသများတွင် အပူချိန် စံချိန်တင် မြင့်တက်လျက်ရှိသည်။ မတ် ၃၁ ရက်တွင် ချောက်၊ မင်းဘူး၊ မကွေးနှင့် တောင်တွင်းကြီးမြို့များ၏ အပူချိန်သည် ၄၂ ဒီဂရီ ဆဲလ်စီးယပ်ဖြစ်သည်။ အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယပ်လောက်သည်ပင်လျှင် လွန်စွာပူပြင်းလှပါသည်။ နေ့စဉ် မြင့်တက်လျက်ရှိသော အပူချိန်ကြောင့် ယခုရက်ပိုင်းအတွင်း မိုးလင်းကတည်းက ချွေးတဒီးဒီးကျပြီး နေရထိုင်ရခက်လာသည်။ လူတိုင်း၏ နှုတ်ဖျားတွင် ပူလိုက်တာဆိုသောစကားကိုပဲ နေ့စဉ်ကြားနေရသည်။ မွန်းလွဲပိုင်းအပူချိန်သည် နေတစ်စင်းတည်းမှ ဟုတ်ရဲ့လားဟုပင် ထင်ရသည်။ လူကြီး၊ လူငယ်အားလုံး အပူဒဏ်ကို အလူးအလဲခံနေကြရသည်။

### ပြုမူနေထိုင်လာကြ

ပြင်းထန်လှသောအပူဒဏ်ကို အန်တုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ အင်္ကျီချွတ်ထားခြင်း စသည့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော ပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့် ညဘက်တွင် အပူချိန်ကြောင့် နှစ်ခြိုက်စွာ အိပ်မရသဖြင့် ဖျာ၊ သင်ဖြူးများကို ရေဆွတ်ခြင်း၊ အိပ်ရာခင်းများကို ရေဆွတ်ခြင်းများပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်လည်း တချို့သော လုပ်သားများသည် ပုဆိုး၊ တဘက်များကို ရေဆွတ်ခြုံပြီး အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များ ဖြစ်ပေသည်။ အခိုက်အတန့်သာ အပူသက်သာသော်လည်း ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည်။

အပူချိန်ပြင်းထန်လှသောကြောင့် နံနက် ၈ နာရီလောက် ကတည်းက အပေါ်အင်္ကျီများ ချွတ်ချင်လာကြသည်။ အမှန်တကယ်မှာ ထိုသို့ မပြုလုပ်သင့်ပေ။ အင်္ကျီချွတ်ထားသူတစ်ဦးသည် အဲကွန်းနှင့် ပန်ကာလေတိုက်ရိုက်ထိခံရပါက ကိုယ်လက်များ နာကျင်ကိုက်ခဲလာပါသည်။ နေ့စဉ်ထိုသို့ပြုမူနေထိုင်သွားမည်ဆိုလျှင် ကိုယ်လက်နာကျင် ကိုက်ခဲဖျားနာလာမည်ဖြစ်သည်။ မည်မျှပင် ပူပြင်းနေစေကာမူ အပေါ်အင်္ကျီကို မချွတ်ဘဲတစ်နေကုန် ဝတ်ထားမည်ဆိုလျှင် နေထိုင်ရအဆင်ပြေပြီး ကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်သည်။




### ရောဂါလက္ခဏာများ

နွေရာသီတွင် အပူချိန်ပြင်းထန်မှုကြောင့် ပင်ပန်းနွမ်းနယ်သည့် လက္ခဏာများဖြစ်သည့် ပျို့ခြင်း သို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ ကြွက်တက်ခြင်းနှင့် ကြွက်သားများအားပျော့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရေဆာခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ မူးမိုက်ခြင်း၊ နုံးချည့်ခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်းတို့ ဖြစ်တတ်သည့် အပြင် အပူဒဏ်ကြောင့် အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်းနှင့် တက်ခြင်းတို့ ဖြစ်တတ်သည်။

### အပူဒဏ်ကာကွယ်ရေး အကြံပြုချက်များ

နွေရာသီတွင် အပူဒဏ်ကာကွယ်ရေးအတွက် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေသင့်ပါသည်။ ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ ရှောင်ကြဉ်သင့်ပါသည်။

ထို့ပြင် ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်သွားပြီး အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်သင့်ပါသည်။ အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်သင့်ပါသည်။

နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။ ကိုယ်လက်လှုပ်ရှားနှင့် အားကစားပြုလုပ်ခြင်းကို ညနေ ၅ နာရီ နောက်ပိုင်းတွင်သာ ပြုလုပ်သင့်ပါသည်။ ထို့ပြင် အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်သင့်ပါသည်။ ခန္ဓာကိုယ်တွင် ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးသင့်ပါသည်။ မိတ်နှင့်ယားဖုများ ထွက်လာလျှင် ရေအေးဝတ်ကပ်ခြင်းနှင့် သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်သွားသင့်ပါသည်။

### ဆောင်ရန်၊ ရှောင်ရန်

ပူပြင်းလှသော နေ့ခင်းဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့် အလေ့အထကို ရှောင်သင့်ပါသည်။ ရေခဲရေသည် အဝင်အေးသော်လည်း ဝမ်းတွင်းရောက်ပါက အပူကိုသာ အားပေးစေပါသည်။ ရေခဲရေသည် သောက်လေသောက်လေ ငတ်မပြေဆိုသလို ထပ်ကာထပ်ကာသောက်နေချင်ပါသည်။ တတ်နိုင်ပါက ရေနွေးကြမ်းသောက်သင့်ပါသည်။ ရေနွေးကြမ်းသည် မကြာခဏ ရေဆာနေသည့်ဆန္ဒကို ပြေပျောက်စေပါသည်။ နေ့ခင်းဘက်တွင် ထန်းလျက်ခဲအနည်းငယ်ကိုက်ပြီး ရေနွေးကြမ်းပူပူလေး သောက်လိုက်မည်ဆိုလျှင် ရေဆာလောင်နေမှုကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသော အပူဒဏ်ကိုပါ မေ့လျော့စေနိုင်ပါသည်။

> ❍ ပူပြင်းလှသော နေ့ခင်းဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့်အလေ့အထကို ရှောင်သင့်ပါသည်။ ရေခဲရေသည် အဝင်အေးသော်လည်း ဝမ်းတွင်းရောက်ပါက အပူကိုသာ အားပေးစေပါသည်။ ရေခဲရေသည် သောက်လေသောက်လေ ငတ်မပြေဆိုသလို ထပ်ကာထပ်ကာသောက်နေချင်ပါသည်။ တတ်နိုင်ပါက ရေနွေးကြမ်းသောက်သင့်ပါသည်။ ရေနွေးကြမ်းသည် မကြာခဏ ရေဆာနေသည့် ဆန္ဒကို ပြေပျောက်စေပါသည်။ နေ့ခင်းဘက်တွင် ထန်းလျက်ခဲအနည်းငယ်ကိုက်ပြီး ရေနွေးကြမ်း ပူပူလေး သောက်လိုက်မည်ဆိုလျှင် ရေဆာလောင်နေမှုကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသော အပူဒဏ်ကိုပါ မေ့လျော့စေနိုင်

နွေရာသီတွင် နေ့ခင်းဘက်၌ အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် နံနက်စောစောကတည်းက အိမ်အောက်ကို ရေဖျန်းထားသင့်ပါသည်။ တတ်နိုင်ပါက အိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်ပါသည်။ ထိုသို့ရေဖျန်းထားလျှင် နေ့ခင်းဘက်အပူချိန်ကို အထိုက်အလျောက် သက်သာစေပါသည်။ ညဘက်တွင် နှစ်ခြိုက်စွာ အိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး လေဝင်လေထွက်ကောင်းစေရန် တံခါးအားလုံးကို ဖွင့်ထားရန်လိုအပ်ပါသည်။ အထူးသဖြင့် ခြင်ထောင်ထောင်အိပ်ဖို့ မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေပတ်တိုက်ပြီးမှ အိပ်ရာဝင်သင့်ပေသည်။ သနပ်ခါးထူထူ လိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေပါသည်။

နွေရာသီတွင် ပြင်းထန်အပူချိန်ကြောင့် Heatstroke ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန် ဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆေးခန်း၊ ဆေးရုံသို့ သွားရန်လိုအပ်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့် ဂရုစိုက်သင့်ပါသည်။ ကလေးများတွင်လည်း ချွေးမှုတစ်ဆင့် မိတ်ဖုကဲ့သို့သော အနီအပိမ့်များ ထွက်လာပြီး အဖျားတက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို မြန်မာသနပ်ခါးများ လိမ်းပေးထားမည်ဆိုလျှင် အထိုက်အလျောက်ကာကွယ်နိုင်မည် ဖြစ်သည်။

နွေရာသီတွင် အပူချိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့် ပြင်းထန်အပူချိန်တို့ ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့် အဆင့်သို့ပင် ရောက်သွားနိုင်ပါသည်။ တတ်နိုင်ပါက ဆေးလိပ်ကိုလည်း ရှောင်ရှားသွားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရသဖြင့် အထူးသဖြင့် နွေရာသီတွင် ဆေးလိပ်သောက်သည့် အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။

နွေရာသီနေ့ခင်းဘက်တွင် နေအပူချိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့် ဆာလောင်မှုဒဏ်ကို အခိုက်အတန့်ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ ရေခဲချောင်းများစားခြင်း၊ လက်လုပ်ချဉ် (သရက်သီး၊ ငွေးသီး) များနှင့် အသုပ်မျိုးစုံတို့ကို စားလေ့ရှိကြသည်။ ထိုသို့ပြုမူခြင်းသည် ကျန်းမာရေးကို များစွာ ထိခိုက်စေသည်။ နွေရာသီတွင် သောက်ရေအတွက် ညဘက်ကတည်းက သဲအိုးထဲတွင် ရေထည့်ထားသင့်သည်။ ထိုသို့ထည့်ထားလျှင် သဲအိုးထဲရှိရေသည် နေ့ခင်းဘက်တွင် ရေခဲရေကဲ့သို့ပင် အေးစိမ့်ပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိသည်။

နွေရာသီအပူဒဏ်ကို အန်တုနိုင်ရန်သည် သဘာဝကပေးထားသော သစ်ရိပ်၊ ဝါးရိပ်များသာလျှင် အကောင်းဆုံးဖြစ်သည်။ 'နွေထနောင်း၊ ဆောင်း မန်ကျည်း'ဆိုသလို နွေရာသီတွင် ထနောင်းပင်များသည် အရွက်များနှင့် စိမ်းစိုနေသောကြောင့် ထနောင်းပင်အောက်ဝင်လိုက်သည်နှင့် အေးမြသွားစေသည်။ ထို့ကြောင့် မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။ တောခလေ့ထန်းရွက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သော အဆောက်အအုံများပင်ဖြစ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။

ဆိုရလျှင် အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့်ဆိုသလို ပြင်းထန်လှသော အပူဒဏ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများ မှန်ကန်ဖို့လိုပါသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကို ဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသော နွေရာသီတွင် အပူဒဏ်ကိုခံနိုင်ရန်အတွက် သဘာဝနည်းကိုသာ အသုံးပြုသင့်သည်။ ဆိုလိုသည်မှာ သဘာဝကျကျနေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကို လွယ်ကူစွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ ခေတ်မီ အီလက်ထရောနစ်ပစ္စည်းများ၊ သဘာဝလွန် အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပါကြောင်း အကြံပြုရေးသား တင်ပြအပ်ပါသည်။ ။

# ဒေသတွင်းထုတ်လုပ် ဖြန့်ချိရောင်းချနေသည့် ရွှေဥဩ ထားဝယ်ရိုးရာလုံချည်

တွေ့ဆုံမေးမြန်း - ကျော်ကျော်လတ်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် စီးပွားရေးကဏ္ဍ၌ပါဝင်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး ဆိုသည့်အချက်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မှတ်ပုံတင်ထားသည့် အသေးစားစက်မှုလက်မှုလုပ်ငန်း ၅၀၈ ခုရှိကြောင်း တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်ထံမှ သိရသည်။ ယင်းလုပ်ငန်းများအနက် ထားဝယ်မြို့ရှိ ရွှေဥဩထားဝယ်ရိုးရာလုံချည် ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းရှင် ဦးနေမင်းနှင့် တွေ့ဆုံမေးမြန်းမှုအား ဖော်ပြလိုက်ရပါသည်-

**မေး။ ။ လုပ်ငန်းရှင်အမည်နှင့် ထားဝယ်ရိုးရာလုံချည်ဝတ်ဆင်ခဲ့သည့် ယဉ်ကျေးမှုသမိုင်းကြောင်းကို ရှင်းပြပေးပါ။**

ဖြေ။ ။ ကျွန်တော်ကတော့ ရွှေဥဩအထည်စက်ရုံလုပ်ငန်းရှင် ဦးနေမင်း ဖြစ်ပါတယ်။ ထားဝယ်ရိုးရာ ဝတ်စားဆင်ယင်မှု သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက အေဒီ ၇၅၁ ခန့် ကတည်းက ထားဝယ်သူ၊ ထားဝယ်သားတွေဟာ ယဉ်ကျေးမှုအဆင့် အတန်း မြင့်မားစွာနဲ့ အဝတ်အထည်များ ရက်လုပ်ဝတ်ဆင်လျက် ရှိနေပြီဖြစ်တာကို သိရှိရပါတယ်။ အင်းဝခေတ်၊ မင်းကြီးစွာစော်ကဲ လက်ထက်မှာ ထားဝယ်ရိုးရာပိုးလုံချည်များ ရက်လုပ်ဝတ်ဆင်နေပြီ ဖြစ်ကြောင်း သမိုင်းအထောက်အထားတွေမှာ အခိုင်အမာဖော်ပြထား ပါတယ်။ ထားဝယ်ဒေသရဲ့ ရတနာလေးမျိုးထဲမှာ တစ်မျိုးပါဝင်ပြီး ရတနာတန်းဝင်ပစ္စည်းဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ် နောက်ပိုင်းကာလ တွေမှာ ထားဝယ်ပိုးလုံချည် ရက်လုပ်မှုများ ရပ်တန့်သွားပြီး ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ထားဝယ်ရိုးရာချည်လုံချည်များ ရက်လုပ် ထွန်းကားခဲ့ပါတယ်။

**မေး။ ။ ရွှေဥဩအထည်စက်ရုံတည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သိပါရစေ။**

ဖြေ။ ။ ရွှေဥဩ အထည်စက်ရုံတည်နေရာကတော့ ထားဝယ် မြို့နယ် ရှင်မုတ္ထီးကျေးရွာမှာ ဖြစ်ပါတယ်။ စက်ရက်ကန်းစင် ရှစ်စင်ကို အလုပ်သမား ၁၆ ဦးနဲ့ လည်ပတ်ဆောင်ရွက်နေပါတယ်။ ရက်သတ္တပတ်လျှင် ခြောက်ရက် လုပ်ကိုင်ကြပြီး တနင်္ဂနွေနေ့တိုင်းနှင့် အစိုးရရုံးပိတ်ရက်များကို အလုပ်နားရက် သတ်မှတ်ပေးပါတယ်။

**မေး။ ။ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှုအခြေအနေများ ရှင်းပြပေးပါ။**

ဖြေ။ ။ ကုန်ကြမ်းချည်တွေကို မန္တလေးမြို့ကနေ အဓိကမှာယူပါ တယ်။ အမျိုးအစားအနေနဲ့ (၂/၈၀)ချည်နဲ့ ABC အမှတ်တံဆိပ် ယုန်ဟာလီချည်များ ဖြစ်ပါတယ်။ အတိုင်နဲ့ အဖောက်အတွက်နေ့စဉ် ချည်ပေါင် ၂၀ ခန့် သုံးစွဲရပါတယ်။

**မေး။ ။ ကုန်ချောထွက်ရှိမှုနှင့် ဖြန့်ချိရောင်းချနေသည့် ဈေးကွက် အခြေအနေကို သိပါရစေ။**

ဖြေ။ ။ အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ထားဝယ်လုံချည်များကို တစ်ရက် အထည် ၄၀ ခန့် ထုတ်လုပ်ပြီး ဒေသတွင်းနှင့် ရန်ကုန်မြို့ရှိ MSME Product Showroom တွင် ဖြန့်ချိရောင်းချနေ ပါတယ်။ ဒါ့အပြင် ပြည်ပဈေးကွက်အနေနဲ့ ထိုင်းနိုင်ငံဘာသာရေး ပွဲတော်တွေ၊ ရိုးရာပွဲတွေမှာ တူညီဝတ်စုံအနေနဲ့သုံးစွဲဖို့ မှာယူကြတာ တွေလည်း ရှိပါတယ်။

**မေး။ ။ ရောင်းအားမြှင့်တင်ဆောင်ရွက်ခဲ့ပုံကိုရှင်းပြပေးပါဦး။**

ဖြေ။ ။ အရည်အသွေးကောင်းမွန်ပြီး ဒီဇိုင်းလှပစွာနဲ့ ရိုးရာမပျက်



ရွှေဥဩ ထားဝယ်ရိုးရာလုံချည် လုပ်ငန်းရှင် ဦးနေမင်းအား တွေ့ဆုံမေးမြန်းစဉ်။

ထုတ်လုပ်ပါတယ်။ နိုင်ငံတော်အဆင့်နဲ့ ဒေသအတွင်း အရောင်းပြပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။

**မေး။ ။ ဝတ်ဆင်သူများ အကြိုက် တွေ့စေပြီး ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူဆင်မြန်းနိုင်မှုနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ မြန်မာ့ရာသီဥတုနဲ့ကိုက်ညီအောင် ချည်သားစစ်စစ်ဖြင့် ထုတ်လုပ်ထားပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးတာဖြစ်လို့ လူတန်းစားမရွေး အားပေးဆင်မြန်းကြပါတယ်။ ဒါ့အပြင် ယဉ်ကျေးမှု တန်ဖိုးမြင့်မားတဲ့ ရိုးရာလုံချည်ဖြစ်ပြီး ဝတ်ဆင်သူများ ဂုဏ်ယူစွာ ဝတ်ဆင်နိုင်ပါတယ်။ မည်သည့်အခမ်းအနားပွဲတက်ရန်မဆို တင့်တယ်စွာ ဝတ်ဆင်နိုင်ပါတယ်။

**မေး။ ။ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရတာများရှိရင် သိပါရစေ။**

ဖြေ။ ။ လက်ရှိလည်ပတ်နေတာစက်ရက်ကန်းစင် ရှစ်စင်နဲ့ ရက်လုပ် နေတာဖြစ်ပြီး ကျွမ်းကျင်သူ အလုပ်သမား တိုးလာတဲ့အပေါ် မူတည်ပြီး စက်ရက်ကန်းစင် နှစ်စင်နဲ့ လက်ရက်ကန်းစင် နှစ်စင် ထပ်မံတိုးချဲ့နေပါတယ်။ လက်ရက်ကန်းကိုတော့ ပိုးထည်လုံချည်များ ရက်ခတ်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ ရိုးရာကို ထိန်းသိမ်းပြီး ခေတ်နဲ့လျော်ညီတဲ့အဆင်တွေ ထုတ်လုပ်နိုင်ဖို့အတွက် အခုအချိန်မှာတော့ ထုတ်ကုန်အသစ်အဆန်းနဲ့ ပတ်သက်ပြီး ပွဲထိုင် အဆင့် ရိုးရာပိုးထည်ဒီဇိုင်းတွေ ထုတ်လုပ်သွားနိုင်ဖို့ ကြိုးစားနေ ပါတယ်။

**မေး။ ။ လုပ်ငန်းအတွက် ပံ့ပိုးကူညီမှုများရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပံ့ပိုးမှုများ ရှိပါတယ်။ အခက်အခဲများနှင့် ပတ်သက်ပြီး တင်ပြရင်လည်း ဖြေရှင်းဆောင်ရွက်ပေးပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာပိုင်းဆိုင်ရာများနှင့် ကျွမ်းကျင်လုပ်သားဖြည့်တင်းရေးများ ပံ့ပိုးကူညီပေးပါတယ်။ ဒါ့အပြင် ဈေးကွက်ပိုမိုရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးတာတွေလည်း ကူညီဆောင်ရွက်ပေးပါတယ်။

**မေး။ ။ အလုပ်သမားများ ခန့်ထားရတဲ့အတွက် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။ အလုပ်အကိုင်အခွင့်အလမ်းကတော့ လုပ်ငန်းတိုးချဲ့မှုအပေါ် မူတည်ပြီး တိုးတက်ရရှိလာမှာ ဖြစ်တာကြောင့် စိတ်ပါ ဝင်စားစွာ ရေရှည်လုပ်ကိုင်သွားရင် ကျွမ်းကျင်လာတာနဲ့အမျှ ကိုယ်ပိုင်လုပ်ကိုင်ထူထောင်သွားနိုင်တဲ့ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင် အဖြစ် ရပ်တည်နိုင်တဲ့အထိ မျှော်မှန်းလုပ်ကိုင်နိုင်ပါတယ်။

**မေး။ ။ ရွှေဥဩအထည်စက်ရုံအနေနဲ့ အဓိကထား ထုတ်လုပ်တဲ့ အထည်အမျိုးအစား ဘယ်လောက်ထုတ်လုပ်ရောင်းချနေတယ်ဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ။ ထားဝယ်ရိုးရာအဆင်ဒီဇိုင်းအမျိုးမျိုးကို အမျိုးသားဝတ်၊ အမျိုးသမီးဝတ်လုံချည်များအဖြစ် ထုတ်လုပ်ရောင်းချနေတာ ဖြစ်ပါတယ်။

**မေး။ ။ လုပ်ငန်းတိုးချဲ့ရန်အတွက် ဘာတွေလိုအပ်ပါသလဲ။**

ဖြေ။ ။ လုပ်ငန်းတိုးချဲ့ဖို့အတွက် စက်ပစ္စည်းများဝယ်ယူဖို့နဲ့ ကုန်ကြမ်းပစ္စည်းတွေဝယ်ဖို့အတွက် အရင်းအနှီး လိုအပ်ပါ တယ်။ အရင်းအနှီးငွေများ ရရှိမယ်ဆိုရင် လုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**မေး။ ။ MSME လုပ်ငန်းတွေကို အလေးထား ဆောင်ရွက်ပေးနေမှု အပေါ် သဘောထားအမြင်များ ပြောပြပေးပါ။**

ဖြေ။ ။ MSME လုပ်ငန်းတွေ တိုးတက်အောင် ဆောင်ရွက်ပေးနေမှု တွေအပေါ် တစ်ပိုင်တစ်နိုင် လုပ်ငန်းအသစ်တွေထူထောင် ဆောင်ရွက်မယ့် လုပ်ငန်းရှင်တွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းမှတ်ပုံတင်ဖို့၊ MSMEအသင်းဝင် ဖြစ်အောင် ဆောင်ရွက်ကြဖို့နဲ့ လုပ်ငန်းတူအချင်းချင်း ပူးပေါင်း ဆောင်ရွက်ရင် MSME လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကဏ္ဍလည်း လျင်မြန်စွာ အကောင် အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အနက်မှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု စေမည့်လုပ်ငန်းများကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေ သည့် ထားဝယ်မြို့ ရွှေဥဩ ထားဝယ်လုံချည်ထုတ်လုပ်ရေးလုပ်ငန်း အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





ထားဝယ်ရိုးရာလုံချည်ကို ခေတ်မီစက်ကိရိယာများဖြင့် ကျွမ်းကျင်ဝန်ထမ်းများက ရက်လုပ်နေမှုကို တွေ့ရစဉ်။

# စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်အတွက် ဆရာအတတ်ပညာ ရက်တိုသင်တန်းဖွင့်ပွဲကျင်းပ



**မန္တလေး ဧပြီ ၂၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်အတွက် ဆရာအတတ်ပညာရက်တိုသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ရက် နံနက် ၉ နာရီခွဲက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ စစ်ကိုင်းပညာရေး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်တန်း)၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများ၊ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ စီမံအရာရှိများ၊ ပုဂ္ဂလိကကျောင်း စီမံအုပ်ချုပ်သူများနှင့် တည်ထောင်သူများ၊ သင်တန်းတက်ရောက်မည့် ပုဂ္ဂလိကကျောင်း ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က ပညာရေးတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပုဂ္ဂလိကအထက်တန်းကျောင်းများနှင့် နိုင်ငံတကာသင်ရိုးသင်ကျောင်းများကို ဖွင့်လှစ်သင်ကြားခွင့်ပေးထားကြောင်း၊ အခြေခံပညာသင်ကြားရေးအတွက် အကျိုးရှိစေမည့် သင်တန်းများကို မဖြစ်မနေ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ပုဂ္ဂလိကကျောင်းများတွင် တာဝန်ယူပို့ချနေသော ဆရာ ဆရာမများအတွက် ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ်များရရှိပြီး ဆရာအတတ်ပညာ အရည်အသွေး ပိုမိုတိုးတက်မြင့်မားစေရန်နှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးများသင်ကြားရေးတွင် ပိုမိုထိရောက်သော သင်ကြားမှုများ ဖြစ်လာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်နှင့် အနာဂတ်တွင် ခေါင်းဆောင်ဖြစ်လာမည့် ကျောင်းသား ကျောင်းသူများအတွက် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း။

ယခုသင်တန်းတွင် အထက်မြန်မာပြည်ရှိ ပြည်နယ်/ တိုင်းများဖြစ်သည့် ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(အရှေ့)နှင့် နေပြည်တော်ရှိ အထက်တန်းအဆင့်ကျောင်းများမှ ဆရာ ဆရာမ ၉၂ ဦးနှင့် နိုင်ငံတကာသင်ရိုးသင်ကျောင်းများမှ ဆရာ ဆရာမ ၇၁၅ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ပို့ချပေးမည့် သင်ခန်းစာများကို သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများ အနေဖြင့်လည်း အချိန်တိုအတွင်း အကျိုးရှိပြီး ထိရောက်သည့် သင်ကြား/သင်ယူမှုများဖြစ်အောင် ကြိုးစားလေ့လာသင်ယူကြရန် မှာကြားလိုပါကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်အတွက် ဆရာအတတ်ပညာသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်အတွက် ဆရာအတတ်ပညာလက်မှတ်ရက်တိုသင်တန်းကို အထက်မြန်မာပြည်အတွက် မန္တလေးတက္ကသိုလ်တွင် ဧပြီ ၂၃ရက်မှ မေ ၁၈ ရက်အထိ ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ် (အထက်တန်းအဆင့်) (Certificate For Private Teacher –Upper Secondary Level) နှင့် ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ် (နိုင်ငံတကာသင်ရိုးသင်ကျောင်း) (Certificate For Private Teacher –International School Level) ဟူ၍ Level နှစ်ခုခွဲ၍ သင်တန်းနှစ်ခုဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ပညာရေးတွင်သင်ကြားပို့ချသူဆရာများ၏အရည်အသွေးသည် အထူးအရေးပါကြောင်း၊ ပုဂ္ဂလိကပညာရေး၏ ရည်ရွယ်ချက်မှာ ပညာရေးတွင် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အသိပညာများ၊ အတတ်ပညာများ တတ်မြောက်သော ပညာတတ်များမွေးထုတ်ပေး၍ နိုင်ငံတော်၏ လူမှုစီးပွားမြင့်မား တိုးတက်လာစေရန်၊ ပညာရေးကဏ္ဍအသီးသီးတွင် ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်းများ စနစ်တကျဖွံ့ဖြိုးပြီး နိုင်ငံတကာအဆင့်မီပညာရေးကို အကောင်အထည်ဖော်ရန်၊ အမျိုးသားပညာရေးဆိုင်ရာ မူဝါဒနှင့်အညီ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်သည့် စဉ်းစားတွေးခေါ်မှုကို အားပေးသော အသိပညာအတတ်ပညာများ သင်ကြားတတ်မြောက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊ ပညာရပ်အသီးသီးကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုရေးအတွက် ဦးတည်သင်ကြား လေ့ကျင့်ပေးရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းကြောင်း သိရသည်။

**(စစ်ကိုင်း – ပညာရေး)**



# နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းရိတ်သိမ်းပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် ဧပြီ ၂၃**

သန်လျင်မြို့နယ် ဘယက်ကျေးရွာတွင် တောင်သူ ဦးစံသိန်း၏လယ်မြေ၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းရိတ်သိမ်းပွဲကို ယနေ့နံနက်တွင်အဆိုပါလယ်မြေ၌ ကျင်းပရာ ဒေသခံတောင်သူများအား သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက နွေစပါးမျိုးစေ့ချကိရိယာဖြင့် စပါးအထွက်နှုန်းတိုးတက်စေရေး တောင်သူများ ကြိုးပမ်းစိုက်ပျိုးသွားကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနခရိုင်မန်နေဂျာ ဒေါ်ခင်ခင်ပြုံးနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးခိုင်၊ သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်တို့က စပါးမျိုးစေ့ချကိရိယာဖြင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော လယ်မြေအတွင်း စံကွက်တိုင်းတာခြင်းနှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြပြီး စံပြစိုက်ခင်းမှ နွေစပါး ၁၁၇ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၀၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃-၄-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၈၅၀ ကျပ် | ၂၈၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၆၀ ကျပ် | ၃၀၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ဘိုကလေးမြို့နယ်၌ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်

**ဘိုကလေး ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းအဖြစ် ဧပြီ ၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။

ဘိုကလေးမြို့နယ်၌ အခြေခံပညာဆရာ ဆရာမ ၁၁၅ ဦး၊ ကြီးကြပ် ၁၂ ဦးတို့က မြို့နယ်အတွင်း၌ စာသင်ဝိုင်း ၁၁၅ ဝိုင်းဖွင့်လှစ်၍ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအား မေ ၈ ရက်အထိ စာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများတွင် ပြည်သူ ၁၄၅၀ တက်ရောက်ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၉၀၀၀ | ၂၂၉ | ၂၀၂၆၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၄၇၃၁ | ၁၃၄၈၆၁၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂ | ၁၆၀၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၃၃၅၆ | ၄၈၇၁၂၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၂၉ | ၄၈၉၀၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၁၉ | ၈၇၄၀၀ |
| MAEPC | ၂၁၀၀ | ၂၀၅၀ | ၉၈ | ၂၀၅၄၀၀ |

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဇီဝနည်းပညာသုတေသနဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနအတွက် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် Lot 1-တည်ဆောက်ရေး(လုပ်ငန်း) ၄ မျိုး၊ Lot 2-တည်ဆောက်ရေး(မီလိုင်း) ၁ မျိုး၊ Lot 3-သုတေသနစက်ပစ္စည်း ၃၂ မျိုး၊ Lot 4-သုတေသန စက်ပစ္စည်း ၁ မျိုး အမေရိကန်ဒေါ်လာ($)၊ Lot 5-ရုံးသုံးစက်ပစ္စည်း ၇ မျိုး၊ Lot 6-ရုံးသုံးပရိဘောဂ သုတေသနပရိဘောဂ ၉ မျိုး၊ Lot 7-အခြား ၁ မျိုးတို့အတွက် မြန်မာငွေကျပ်/နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပုံစံများ စတင်ဒါရောင်းချမည့်ရက်** | - ၂၃-၄-၂၀၂၄ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၃-၅-၂၀၂၄ ရက် (၄:၀၀)နာရီ |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ငွေစာရင်းဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန |

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ ဖုန်း ၀၉-၇၆၀၇၄၄၇၇၃၊ ၀၉-၄၀၂၆၇၅၈၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**






## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တိုက်ကြီးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၄-၂၀၂၅)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုက်ကြီးခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းနိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်း ဦးစီးဌာန၊ တိုက်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာ သင်ပုန်းတွင်(၂၆-၄-၂၀၂၄) ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်** | - ၂၆-၄-၂၀၂၄ရက်(သောကြာ နေ့) (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့ |
| ၄။ | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၇-၅-၂၀၂၄ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း) |
| ၅။ | **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - ၉-၅-၂၀၂၄ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ |
| ၆။ | **တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့ |

၇။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး၊ တိုက်ကြီး ခရိုင်၊ တိုက်ကြီးမြို့၊ ဖုန်း-၀၅၅-၂၂၂၀၀၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


**သင့်စီးပွားရေးလုပ်ငန်းများ**
**အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်**
**ကြော်ငြာစို့**


## ကျောက်ဆည်မြို့
## မဟာရွှေသိမ်တော်မြတ်စွာဘုရား
## ရွှေသင်္ကန်းကပ်လှူရန် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မဟာရွှေသိမ်တော်မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးနှင့် ဝဲ/ယာ အရံ ရုပ်ပွားတော်(၂)ဆူအား ရွှေသင်္ကန်းကပ်လှူရန် (၂"x၂") ပတ်လည်အရွက်(၁၀၀)ပါ ရွှေဆိုင်း(၁၀၀)ဆိုင်းဝယ်ယူရေး တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ ရွှေဆိုင်းတင်သွင်းမည့်ဈေးနှုန်း အဆိုပြုလွှာများအား (၂၄-၄-၂၀၂၄)ရက်မှ (၂၉-၄-၂၀၂၄)ရက်၊ ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရွှေဆိုင်းတင်ဒါ ပေးသွင်းလိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ကျပ်၁၀၀၀၀၀/-နှုန်းဖြင့်ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) ဝယ်ယူမည့်ရွှေဆိုင်း | - | (၂"x၂") မျက်ပါးရွှေဆိုင်း (၁၀၀)ဆိုင်း |
| ( ခ ) လျှောက်လွှာတင်သွင်းရမည့်ရက် | - | (၂၄-၄-၂၀၂၄)ရက်မှ (၂၉-၄-၂၀၂၄)ရက် အထိ ရုံးချိန်အတွင်း |
| ( ဂ ) ဈေးပြိုင်လေလံ/တင်ဒါပွဲ ကျင်းပမည့်ရက် | - | ၁၃၈၆ ခုနှစ်၊ တန်ခူး လပြည့်ကျော်(၇)ရက်၊ |
| | - | (၃၀-၄-၂၀၂၄)ရက် |
| (ဃ) ကျင်းပမည့်နေရာ | - | ရွှေသိမ်တော်ဘုရားဓမ္မာရုံ |

၂။ အသေးစိတ်အချက်အလက်များအား တင်ဒါခေါ်ယူရေးအဖွဲ့နှင့် ရွှေသိမ်တော်ဂေါပကအဖွဲ့များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**မဟာရွှေသိမ်တော်မြတ်စွာဘုရား**
**ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများ**
**ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၉-၆၈၈၀၀၄၇၀၀၊ ၀၉-၄၀၂၆၉၉၄၂၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သာမန်၊ ငွေလုံးငွေရင်းနှင့် အခြားအသုံးစရိတ်ခွင့်ပြုရန်ပုံငွေတို့ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန်လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပရိဘောဂများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် အခြားလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသဖြင့် ဆောင်ရွက်လိုသူများ တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** | - | ၂၄-၄-၂၀၂၄ ရက်မှ ၉-၅-၂၀၂၄ ရက်အထိ |
| **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** | - | ၉-၅-၂၀၂၄ ရက် ညနေ(၁၆:၃၀)နာရီအထိ |
| **တင်ဒါတင်သွင်းရန်နေရာ** | - | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဗေဒါလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ကြော်ငြာသင်ပုန်းတွင် ပါရှိသည့် ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဗေဒါလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၆၇၃-၄၀၃၅၈၆၊ ၀၆၇၄-၄၀၃၁၇၁**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန၊ ရေးဆွဲပုံနှိပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော မြန်မာပြည်၏ ပြည်နယ်နှင့် တိုင်းဒေသကြီးမြေပုံစာအုပ်(Atlas)ကို ပိုမိုဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီ (၁)ခုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား (၁၀-၅-၂၀၂၄) ရက်၊ မွန်းတည့်(၁၂:၀၀) နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး (၁၄:၀၀) နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ
## တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ် မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**


**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**








## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**တောင်ကြီးခရိုင်တရားရုံးတော်**

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၁၉ နှင့်ဆက်နွှယ်သည့်
၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၆ နှင့်ဆက်နွှယ်သည့်

ဒေါ်ချိုချိုဦး နှင့် ဦးခင်မောင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ မူလတန်းကျောင်းရှေ့၊ နယ်မြေ(၂)နေ ဦး ခင်မောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ချိုချိုဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ မေလ ၂၃ရက် (၁၃၈၆ခုနှစ်၊ ကဆုန်လဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့ အမှတ်(၁) ရပ်ကွက်နေ ဦးမြင့်ကြိုင်၏သမီး မသက်စုစံ ၈/မမန(နိုင်) ၁၉၈၆၇၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-488762) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၂၅၃၂၃၂

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့ အမှတ်(၁) ရပ်ကွက်နေ ဦးမြင့်ကြိုင်၏သမီး မအိမ်စည်အေးအိဟန် ၈/မမန(နိုင်) ၂၀၅၀၃၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-761523) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၇၇၅၂၅

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၇-၂၀၂၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)ပါ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းဘူတာရွာနေ ဦးကြံမောင်၏သား မောင်စိုးမင်း ၈/တတက(နိုင်) ၁၈၆၁၆၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)အစား နိုင်ငံကူးလက်မှတ် အမှတ် (MG-460927) ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၄၃၈၉၂၉

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဦးမင်းဘိုဘိုကျော် ၁၂/ဗဟန(နိုင်)၀၉၈၇၀၂ သည် အမည်ပေါက်ပိုင်ရှင် ဒေါ်ဝိုင်းစန္ဒာလှိုင်ထံမှ (၉-၉-၂၀၂၃)ရက်နေ့တွင် ယာဉ်အမှတ် (HH/1878)ယာဉ်အမျိုးအစား (TOYOTA COROLLA FIELDER NZE12) (ခဲရောင်) ယာဉ်အား Owner Book မူရင်း၊Wheel tax မူရင်း၊ Premium Book မူရင်း၊ လုပ်ငန်းလိုင်စင်၊ ကားနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါယာဉ်အား ဦးအောင်ဆန်းဝင်း(ခ)အောင်ခန့်ကို ၁၄/မမက(နိုင်)၂၉၁၉၄၄မှ လိမ်လည်ရယူခဲ့သည့်အတွက် ကျွန်ုပ်တို့မိတ်ဆွေမှ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် ရဲစခန်းပြစ်မှုအမှတ် ၇၃/၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၂၀အရ အမှုဖွင့်လှစ်ထားပါသည်။ သို့ပါ၍ အဆိုပါယာဉ်အား လက်ဝယ်ထားရှိသူ မည်သူမဆို ကျွန်ုပ်တို့နှင့်ဆက်သွယ်၍ ယာဉ်အား လက်ရောက်အပ်နှံရန်နှင့် ကျွန်ုပ်တို့မိတ်ဆွေ သဘောတူသိရှိမှုမရှိဘဲ အဆိုပါယာဉ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ရန် တားမြစ်ကန့်ကွက်ကြောင်းနှင့် တစ်စုံတစ်ရာပြုလုပ်ပါကလည်းကောင်း၊ လက်ဝယ်ရှိသူမှ လာရောက်အပ်နှံခြင်းမပြုပါကလည်းကောင်း၊ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လေးစားစွာဖြင့်

| | |
|---|---|
| ဒေါ်အေးသူဇာအောင် (LL.B) | ဒေါ်ဥမ္မာဦး (LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃) |
| အမှတ်(၁၁၄/၅လွှာ)၊ ပြည်တော်အေးလမ်း၊ | အမှတ်(၁၁၄/၅လွှာ)၊ကန်တော်လမ်း၊ |
| လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း။ | လေးဒေါင့်ကန်ရပ်ကွက်၊ |
| ဖုန်း-09-424596830 | သဃ်န်းကျွန်း။ |
| | ဖုန်း-09-421080325 |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/52890, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးအားထူ ၁၃/တခလ(နိုင်) ၀၇၈၃၈၅ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(တာချီလိတ်)

## အမည်မှန်

ပန်းတောင်းမြို့နယ်၊ ပဲကြီးအုပ်စု၊ ပဲကြီး(အလယ်)ရွာနေဦးကျော်မင်းလွင် ၇/ပတန(နိုင်)၀၈၇၀၆၀နှင့် ဒေါ်သီတာခိုင် ၇/ပတန(နိုင်) ၀၈၆၉၇၅ တို့၏သမီး မဆုရည်ကျော် ၇/ပတန(နိုင်)၁၅၆၀၃၄ ၏ အမည်မှန်မှာ မဇင်မီမီသိမ့် ဖြစ်ပါကြောင်း။ **မဇင်မီမီသိမ့်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ စံရွေးအုပ်စု၊ စံရွေးရွာနေ ဦးစိုးမြင့် ၁၀/ဘလန(နိုင်)၀၄၉၅၆၅၏သမီး မအိမွန်စိုးမြင့် ၇/သဝတ(နိုင်)၁၃၃၀၂၆၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၅-၂၀၀၄ ဖြစ်ပါကြောင်း။ **မအိမွန်စိုးမြင့်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 37W/79040 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/15219, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျာလန် (၁၃/တခလ(နိုင်) ၀၀၅၃၇၃) က က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး
(ကျိုင်းတုံ) ကျိုင်းတုံမြို့

## အမည်ပြောင်း

(ဘ)ဦးညီလင်း၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ Streamline ကိုယ်ပိုင်ကျောင်း Grade-4 (Sunflower) မှ မောင်နိုင်ရဲလင်းအား မောင်ထက်ဝေယံအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ မဟာဆွေလမ်း၊ မြေကွက်အမှတ် (၂၄၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်မောင်ချို (၁၂/ဥကမ (နိုင်) ၁၄၂၈၆၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ မြေကွက်အမှတ် (၂၄၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဦးသိန်းရွှေ (၁၂/လမတ (နိုင်) ၀၀၆၄၀၁) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းရွှေ (၁၂/လမတ (နိုင်) ၀၀၆၄၀၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ နှင်းဆီလမ်း၊ မြေကွက်အမှတ် (၉၂၁/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးစန်းတင့် (J/RGN -၀၅၈၃၉၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဇော်မင်းဦး (၁၂/ဗတထ (နိုင်) ၀၁၆၀၁၁) နှင့် ဒေါ်တင်အေးမူ (၁၂/ဗတထ (နိုင်) ၀၃၁၂၃၅) တို့(၂)ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးကျော်စိုးဦး |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း(ခ)မောင်ထော်လေးလမ်း၊ တိုက်အမှတ်(၁၇၁)၊ အခန်းအမှတ်(၄)၊ မြေညီထပ်၊ အကျယ်အဝန်း(၁၅'x၆၀')ရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင် ၁၂/ဥကတ(နိုင်)၀၁၁၀၀၃၊ S/OKA-၀၈၂၅၉၀ လက်ရောက်ရရှိ လက်ဝယ်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ကိုကိုဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၇၄)
တိုက်(၁)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၁၁၆၉၄၆၀

## "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ကြောင်း"

ကျွန်တော် ဦးကျော်စွာဟိန်း (၉/ပဘန(နိုင်) ၁၉၅၄၉၁) ကိုင်ဆောင်သူနှင့် ဒေါ်စောယုနန္ဒာ (၁၂/ သဃက (နိုင်)၁၇၂၄၆၄) ကိုင်ဆောင်သူတို့သည် စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့ပါသဖြင့် ယနေ့မှစ၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်ဆဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ဒေါ်စောယုနန္ဒာနှင့်ပတ်သတ်သည့် ကိစ္စအဝဝအားလုံးတို့သည် ကျွန်ုပ်နှင့် လုံးဝ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်း သီးခံပါ။

ဦးကျော်စွာဟိန်း (၉/ပဘန(နိုင်) ၁၉၅၄၉၁)

## "သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း"

ကျွန်မ ဒေါ်နီလာမြင့် (၁၂/သဃက(နိုင်) ၁၃၂၀၅၉) ကိုင်ဆောင်သူ၏ သမီးဖြစ်သူ ဒေါ်စောယုနန္ဒာ (၁၂/ သဃက (နိုင်)၁၇၂၄၆၄) သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ဒေါ်စောယုနန္ဒာနှင့်ပတ်သတ်သည့် ကိစ္စအဝဝအားလုံးတို့သည် ကျွန်ုပ်နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်း သီးခံပါ။

ဒေါ်နီလာမြင့် (၁၂/သဃက(နိုင်) ၁၃၂၀၅၉)

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၅ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-116(24-25) | 2 7/8"and 2 3/8"Seamless EU Tubing (2) Items | Ks |
| (၂) | DMP/L-117(24-25) | 2" ERW Flow Line Pipe (10,000) MTR | Ks |
| (၃) | DMP/L-118(24-25) | Sucker Rod, Sucker Rod Coupling and Change Over Coupling (8) Items | Ks |
| (၄) | DMP/L-119(24-25) | Insert Pump and Accessories (5) Items | Ks |
| (၅) | DMP/L-120(24-25) | Pipe Fitting and Accessories (15) Items | Ks |
| (၆) | DMP/L-121(24-25) | Accessories for Gas Control and Metering System (61) Items | Ks |
| (၇) | DMP/L-122(24-25) | Accessories for Engine and Compressor (3) Groups | Ks |
| (၈) | DMP/L-123(24-25) | Electrical Materials for Chauk Oil Field (22) Items | Ks |
| (၉) | DMP/L-124(24-25) | Electrical Materials for ZJ 70L Sr-I and Sr-II Drilling Rig (2) Groups | Ks |
| (၁၀) | DMP/L-125(24-25) | Seismic Explosive (20,000) Kg | Ks |
| (၁၁) | DMP/L-126(24-25) | Electrical Materials for All CNG Stations (30) Items | Ks |
| (၁၂) | DMP/L-127(24-25) | PVC Anticorrosion Tape Cold Applied (4,000) Rolls | Ks |
| (၁၃) | DMP/L-128(24-25) | Assorted Sizes of Casing (8) Items | Ks |
| (၁၄) | DMP/L-129(24-25) | Assorted Sizes of PDC Bit and Rock Bit (9) Items | Ks |
| (၁၅) | DMP/L-130 (24-25) | Accessories for Operative Drilling Rigs (10) Groups | Ks |
| (၁၆) | DMP/L-131(24-25)CAP | Computer, UPS, External Hard Disk and Webcam (15) Items | Ks |
| (၁၇) | DMP/L-132(24-25)CAP | Copiers (5) Items | Ks |
| (၁၈) | DMP/L-133 (24-25) | Assorted Sizes of Tyres (1) Lot | Ks |
| (၁၉) | DMP/L-134(24-25) | Stationery (5) Items | Ks |

